


# ဝေဒနာပဲ ရှုကြပါစို့

ဟောကြားသည့်နေ့

၂၈ - ၂ - ၆၁

(၂၆၁)

ကျေးဇူးတော်ရှင်မဟာထေရ် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ဘုရားကြီး ဟောကြားတော်မူသော သစ္စာလေးပါးတရားတော် အမှတ်စဉ် (၅) မှ ထုတ်နုတ်ပုံနှိပ်ပါသည်။

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ

မိုးကုတ်ဆရာတော်ဘုရားကြီး

မန္တလေးမြို့၌ ဟောကြားတော်မူသော တရားတော်

# ဝေဒနာပဲ ရှုကြပါစို့

ဟောကြားသည့်နေ့

( ၂၈-၂-၆၁ )

စာမူခွင့်ပြုချက်အမှတ် - ၁၀/၉၅ (၈)
အဖုံးခွင့်ပြုချက်အမှတ် - ၂၆/၉၅ (၈)

**ထုတ်ဝေသူ** ဦးအောင်ချို၊ (မြဲ-၀၈၃၁)
မိုးကုတ်ဝိပဿနာတရားစဉ်နှင့်
လုပ်ငန်းစဉ် ပြန့်ပွားရေး အဖွဲ့ချုပ်။
အမှတ်-၈၂၊ နတ်မောက်လမ်း၊ ရန်ကုန်မြို့။
ဖုန်း-၅၄၁၈၆၀

**ပုံနှိပ်သူ** ဒေါ်နုနုဝင်း (မြဲ - ၀၆၆၅၆)
လောကပါလပုံနှိပ်တိုက်
အမှတ်-၈၄/၈၆၊ လမ်း(၅၀)
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၂၉၈၆၇၄

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ

မိုးကုတ်ဆရာတော်ဘုရားကြီး

မန္တလေးမြို့၌ ဟောကြားတော်မူသော တရားတော်

# ဝေဒနာပဲ ရှုကြပါစို့

ဟောကြားသည့်နေ့ (၂၇-၁-၆၁)

ဒကာ ဒကာမတွေ ဒုက္ခခပ်သိမ်း ကင်းငြိမ်းတဲ့နိဗ္ဗာန်ကြီးကို အာရုံပြုပြီးသကာလ၊ ရချင် ရောက်ချင်ရင်ဖြင့် မဇ္ဈိမပဏ္ဏာသပါဠိတော် မာဂဏ္ဍိယ ပုဏ္ဏားကြီးအား ဟောထားတာရှိတယ်၊ သူတော် ဆည်းကပ်ကွ၊ သူတော်ကောင်းများ ဆည်းကပ်ကြ၊ သံဃာများ ဆည်းကပ်ကြ၊ ပညာရှိတွေ ဆည်းကပ်ကြလို့ ၁-နံပါတ်ဟောလိုက်တယ်နော်. . . (မှန်ပါ့ဘုရား)။

## (၁) သူတော်ဆည်းကပ်

သူတော်ဆည်းကပ်၊ သူတော်ကောင်းများ ဆည်းကပ်ရမယ်ဆိုတာ သဘောကျပလား. . . (ကျပါတယ်ဘုရား)။

ကိုယ်ကိုယ်တိုင် ဉာဏ်နဲ့တော့ ထိုးထွင်းဖို့ရာ အင်မတန်မှခဲယဉ်းလှပါတယ်။ သူတော်ကောင်းတွေက နည်းတွေနာတွေ အလုံးစုံ အကုန်တွေရကြအောင် သံဃာတော်တွေ အစဉ်အဆက် ဆောင်လာတဲ့ ပရိယတ်၊ အဲဒီ ပရိယတ်တွေကို ပြောကြားညွှန်ပြတဲ့ ကိုယ်တော်တွေ၊ သက်ကြီးပညာရှိကြီးတို့ဆီကို ဆည်းကပ်ရမယ်လို့ ဆိုထားတယ်. . . (မှန်ပါ)။

## (၂) မြတ်တရားနာ

သူတော်ကောင်း ဆည်းကပ်၊ ပြီးတော့မှ သူပြောတဲ့တရားကို တစ်ခါနာရဦးမယ်ဆိုတော့ သူတော်ဆည်းကပ်၊ မြတ်တရားနာတဲ့၊ တရားလည်း နာကြရမယ်နော်. . . (နာကြရပါမယ်ဘုရား)။

## (၃) လွန်စွာအားထုတ်

မဆည်းကပ်ဘဲနဲ့လည်း ဟိုကပြောမှာမဟုတ်တော့ ပြောမှလည်း နာရမှာဖြစ်ပြီးသကာလနေတော့၊ သူတော်ဆည်းကပ်၊ မြတ်တရားနာ၊ ပြီးတော့မှ ဒကာ ဒကာမတွေက ခန္ဓာကိုယ်

ထဲဖြစ် ပျက်နေတဲ့ ဓမ္မကလေးတွေကို လွန်စွာအားထုတ်-တဲ့။

## (၄) နာမ်နဲ့ရုပ်ကို

ဘယ်ဟာ အားထုတ်ရမှာတုံးဆိုတော့ နာမ်နဲ့ရုပ်ကို တဲ့. . . (မှန်ပါ့ဘုရား)၊ နာမ်တရား ရုပ်တရားကို ဒကာ ဒကာမ တွေ ကြိုးစားရလိမ့်မယ်နော်. . . (မှန်ပါ့ဘုရား)။

နာမ်တရားဖြစ်ပျက်-ရုပ်တရားဖြစ်ပျက်တွေကို မြင်အောင် ကြိုးစားရလိမ့်မယ်. . . (မှန်ပါ့ဘုရား)။

## (၅) ဖြစ်ချုပ်ဉာဏ်မြင်

ဒါကြောင့် သူတော်ဆည်းကပ်၊ မြတ်တရားနာ၊ လွန်စွာ အားထုတ်၊ နာမ်နဲ့ရုပ်ကို၊ ဖြစ်ချုပ်ဉာဏ်မြင်၊ ဩော်. . . ဖြစ်ပြီး ပျက်တဲ့ ဓမ္မသာ ခန္ဓာထဲရှိပါကလားဆိုတာကို မြင်အောင်ကြည့်ရ လိမ့်မယ်. . . (မှန်ပါ့ဘုရား)။ ဤငါးအင် မှန်ပင်မဂ်ရကြောင်းတဲ့။

ဒကာ ဒကာမတို့ မဂ်ဉာဏ် ဖိုလ်ဉာဏ်ရချင်လို့ ရှိရင်ဖြင့် ဒီငါးပါး ပြည့်စုံရမယ်လို့ ဟောထားတယ်နော်. . . (မှန်ပါ့ဘုရား)။

သူတော်ဆည်းကပ်၊ မြတ်တရားနာ၊
လွန်စွာအားထုတ်၊ နာမ်နဲ့ရုပ်ကို၊
ဖြစ်ချုပ်ဉာဏ်မြင်၊ ဤငါးအင်၊
မှန်ပင် မဂ်ရကြောင်း။

(သုံးခေါက်ဆိုခိုင်းသည်)

တော်လောက်ပါပြီ၊ တော်လောက်ပါပြီ၊ နောက်နေ့တိုင်း နေ့တိုင်း ပြောသွားလို့ရှိရင် ဦးခင်မောင် ရပါလိမ့်မယ်နော် . . . (မှန်လှပါဘုရား)။

ဒါကလေးကို ဒကာ ဒကာမတွေ ရတဲ့ပုဂ္ဂိုလ်လည်း ရကြမှာပေါ့၊ မရတဲ့ပုဂ္ဂိုလ် နောက်ရက်တွေကျတော့ ပိုင်ကြ ဆိုင်ကြလိမ့်မပေါ့. . . (မှန်ပါ့)။

ဩော်. . . ဒါဖြင့် မဂ်ဉာဏ် ဖိုလ်ဉာဏ်ဆိုတဲ့ နိဗ္ဗာန်အာရုံ ကြီး လျှင်လျှင်မြန်မြန် ရချင်လို့ရှိရင်ဖြင့် သူတော်ကောင်း ဆည်း ကပ်ရမယ်ဆိုတာ ၁-နံပါတ်ပေါ့ဗျာ. . . (မှန်လှပါ)။

မြတ်တရားနာရမယ်ဆိုတာက. . . (၂-နံပါတ်ပါဘုရား)၊ လွန်စွာ အားထုတ်တဲ့ ဝီရိယစိုက်ရမယ်ဆိုတာက. . . (၃-နံပါတ် ပါဘုရား)၊ နာမ်နှင့်ရုပ်ကို၊ ဖြစ်ချုပ်ဉာဏ်မြင်က. . . (၄-နံပါတ်ပါ ဘုရား)။

## အဖြစ်နဲ့အချုပ်ပဲရှိတယ်

နာမ်နဲ့ရုပ်ကို ခန္ဓာကိုယ်ထဲမှာ အဖြစ်နဲ့ အချုပ်ပဲ ရှိပါ တယ်. . . တဲ့။

အဲဒီ ငါးပါးရလို့ရှိရင်ဖြင့် အမှန်မဂ်ရမှာပဲ၊ ဖိုလ်ရမှာပါပဲ ဆိုတာ ဒကာ ဒကာမတွေ မှတ်ထားပေါ့နော်. . . (မှန်ပ့ါဘုရား)။

## မာဂဏ္ဍိယပုဏ္ဏားကြီး

အဲဒါ. . . မာဂဏ္ဍိယ ပုဏ္ဏားကြီးက တပည့်တော်ကို ဘုရား၊ မင်္ဂလာဆောင် ဖိုလ်ညဏ်ရောက် ကယ်ယူတော်မူပါဆိုတော့ အို. . . ကယ်လို့မရသေးဘူးကွ၊ မင်း. . . သူတော်ကောင်း ဆည်းကပ်ဦးကွ၊ တရားနာဦးကွ၊ အားထုတ်ဦးကွ၊ အဖြစ်အပျက် တွေမြင်အောင် အားထုတ်ဦးကွ ဆိုတော့ ဘုရားက မပေးနိုင် ဘူး၊ နည်းသာပေးနိုင်တယ်၊ ကိုယ်တိုင် လုပ်ယူရမယ်ဆိုတာကော သဘောကျကြပလား. . . (ကျပါတယ်ဘုရား)။

ဘုရားက ပေးနိုင်သလား၊ နည်းသာ ပေးသလား၊ ကိုယ် တိုင် အားထုတ်ယူရမှာလား. . . (ကိုယ်တိုင် အားထုတ်ယူရမှာ ပါဘုရား)။

ဘုရားကတော့ နည်းပေး ကိုယ်တော်ကြီး ဆိုတာတော့ 'သာ သတိတိ သတ္တာ' ဆိုတဲ့ အတိုင်း ဆုံးမသွန်သင်တတ်တာပဲ ရှိပါတယ်တဲ့ နည်းလမ်းတွေကို. . . (မှန်လှပါဘုရား)။

## ကိုယ်တိုင်အားထုတ်ရမယ်

လုပ်ယူရမှာက ဒကာဝကိုယ်တိုင်အားထုတ်ရတယ်. . . (မှန်လှပါဘုရား)၊ သဘောကျပလား. . . (ကျပါပြီဘုရား)။

ဒါဖြင့် ခုနကပြောခဲ့တဲ့အတိုင်း ဒကာ ဒကာမတို့ သူတော် ဆည်းကပ်ဆိုတာကို အားလုံး သူတော်ကောင်းတရား ကြိုးစား

နေတဲ့ ပုဂ္ဂိုလ်တွေ ဆည်းကပ်ကြရမယ်ဆိုတဲ့ အဓိပ္ပာယ်ပါပဲ. . . (မှန်ပါ့ဘုရား)။

တရားကိုလည်း နာရမယ်ဆိုတာ အဲဒီ တရားတွေကိုလည်း သူတော်ကောင်း တရားဓမ္မ၊ ရုပ်နာမ် ဖြစ်ပျက်တရားဓမ္မကို နာရလိမ့်မယ်နော်. . . (မှန်ပါ့)။

နာရုံတင် နာနေလို့ မပြီးသေးဘူး၊ ကိုယ်က ဝီရိယစိုက်ပြီး သကာလ အားထုတ်ရလိမ့်ဦးမယ်. . . (မှန်လှပါဘုရား)။

အားထုတ်တဲ့အခါကျလို့ရှိရင် အားသာ ထုတ်နေတယ် ဘာမှလည်း မမြင်ဘူးဆိုရင် ဦးခင်မောင်. . . မဖြစ်သေးဘူးပေါ့ဗျာ. . . (မှန်လှပါဘုရား)။

ဖြစ်ချုပ် ဉာဏ်မြင်တဲ့၊ အဖြစ်နဲ့ အချုပ်ကလေးကိုလည်း မြင်အောင် ကြည့်ရဦးမယ်. . . (မှန်လှပါဘုရား)။

## ပုဗ္ဗဘာဂမဂ်ရပြီ

အဲဒါ မြင်လို့ရှိရင် ဒကာ ဒကာမတို့ ဘာမှ မပူနဲ့တော့ ပုဗ္ဗဘာဂမဂ်ကို ရပြီ. . . (မှန်ပါ့)။

ပုဗ္ဗဘာဂမဂ်ကို ရလို့ရှိရင်ဖြင့်လောကုတ္တရာမဂ်သစ္စာပါဒ ဆိုတဲ့ နောက်မဂ်ဟာ ဒကာ ဒကာမတို့ ဘာမှ မရစရာမရှိပါဘူး ဆိုတာ အောက်မေ့ကြပါတော့. . . (မှန်လှပါဘုရား)။

ဒီမဂ်ရလို့ရှိရင်လည်း ဒုက္ခသိမ်းတဲ့ နိဗ္ဗာန်ကြီးကို မသေခင် မြင်ရ၊ မဂ်လေးတန်ရဲ့ အဆုံးကျလို့ရှိရင် ကိုယ်တိုင်ပဲ ဒုက္ခခပ်သိမ်း၊

ငြိမ်းတဲ့ နိဗ္ဗာန်ဆိုတာကြီး ရောက်ရ-ရရတယ်ဆိုတဲ့ ဉစ္စာဖြင့် ဘာမှ သံသယ မရှိဘဲနဲ့ ကြိုးစားကြပါ ဆိုတာကို တိုက်တွန်းရပြန်တယ်. . . (မှန်ပါ့ဘုရား)။

ကိုင်း. . . ဒါဖြင့် အားထုတ်ရမှာ ဘာတုံးလို့ မေးတဲ့အခါကျတော့ ဒကာ ဒကာမတို့ အရင်အတိုင်းပဲ ပြန်ပြီး ဗာလပဏ္ဍိတသုတ်ကို ပြန်ရှင်းတာပေ့ါနော်. . . (မှန်ပ့ါ)။

ဒီဘက် အဝိဇ္ဇာသင်္ခါရ၊ အဝိဇ္ဇာပစ္စယာ. . . (သင်္ခါရာပါဘုရား)၊ (စက်ဝိုင်းကိုပြသည်)။

သင်္ခါရဆိုတဲ့ အဲ့ဒီသင်္ခါရက အဝိဇ္ဇာဆိုတာ မသိမှု၊သင်္ခါရဆိုတာ ပြုပြင်မှုပေ့ါဗျာ. . . (မှန်ပ့ါဘုရား)။

အဲဒီပြုပြင်မှု တရားတွေကြောင့် ဒကာ ဒကာမတို့ ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာဆိုတဲ့ ခန္ဓာငါးပါး မပေါ်ဘူးလား. . . (ပေါ်ပါတယ်ဘုရား)။

## လူမိုက်နဲ့ လူလိမ္မာ ဘာထူးသတုံး

ဒါဖြင့် အဝိဇ္ဇာ သင်္ခါရကြောင့်ခန္ဓာငါးပါးပေါ်တယ်ဆိုတာ ရှင်းလင်းနေပြီ. . . (မှန်ပ့ါဘုရား)၊ရှင်းလင်းပြီးသကာလနေတော့ လူမိုက်နဲ့လူလိမ္မာ ဘာထူးတုံးဟေ့ ဆိုပြီးသကာလ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက မေးတဲ့အခါကျတော့. . . ရဟန်းတွေက မဖြေတတ်လို့၊ ငါ. . . ပြောပြပ့ါမယ်ကွာ. . . ဆိုပြီး ပြောပြတဲ့အခါ၊ လူမိုက်ကတော့ကွာ. . . တဲ့ ဒုက္ခချုပ်ကြောင်း အားမထုတ်

ဘူးကွ၊ အဝိဇ္ဇာနဲ့ တဏှာ မပယ်ဘူးဆိုတော့ လူမိုက်ကတော့ ကိုယ်ခန္ဓာကြီးကို ဒုက္ခသစ္စာလို့ မသိဘူး. . . (မှန်ပါ့ဘုရား)။

မသိတော့ ခင်တယ်၊ မခင်ဘူးလား. . . (ခင်ပါတယ်ဘုရား)၊ခင်တော့ အဝိဇ္ဇာသင်္ခါရ ပြန်မလာပေဘူးလား. . . (လာပါတယ်ဘုရား)၊ အဝိဇ္ဇာတဏှာ ပြန်လာတာ အဝိဇ္ဇာသင်္ခါရ ပြန်လာတာနဲ့ အတူတူပါပဲ. . . (မှန်ပါ့)။

သူတို့သာ ပြန်လာလို့ရှိရင် ဒကာ ဒကာမတို့ သူတို့ထုံးတမ်း အတိုင်း သူတို့အလုပ် လုပ်လိမ့်မယ် ဆိုတာ ငြင်းဖို့လိုသေးသလား. . . (မလိုပါဘုရား)။

အဲဒီတော့ ဘာလာဖြစ်လာမလဲဆိုတာ သတိထားလိုက်တာပေါ့. . . (ခန္ဓာငါးပါးပါဘုရား)။

ခန္ဓာငါးပါးလာဖြစ်တယ်၊ ဩော်. . . ဒီပုဂ္ဂိုလ်သည်ကားလို့ ဆိုလို့ရှိရင်ဖြင့် အဝိဇ္ဇာသင်္ခါရကြောင့် ဒုက္ခသစ္စာခန္ဓာငါးပါးကြီးဖြစ်ပါတယ်. . . (မှန်ပါ့ဘုရား)။

အဲဒီ ဒုက္ခသစ္စာ ခန္ဓာငါးပါးကြီးပဲ တစ်ခါမသိပြန်တော့ ဒုက္ခသစ္စာရယ်လို့ ရ-ထားတာကြီးမသိပြန်၊ မသိပြန်လို့ ခင်မင်ပြန်ဆိုတော့ ဘဝတဏှာတွေကလာလိုက်ပြန်တယ်. . . (မှန်ပါ့ဘုရား)။

## အနာဂတ်ခန္ဓာငါးပါးပေါ်တယ်

ထိုကဲ့သို့ လာတဲ့အတွက်အဝိဇ္ဇာ၊ သင်္ခါရပြန်ဖြစ်ပြီး သကာလ နောက်-အနာဂတ်ခန္ဓာငါးပါး ပေါ်မလာဘူးလား. . . (ပေါ်လာပါတယ်ဘုရား)၊ ဘာသစ္စာကြီးပါလိမ့်. . . (ဒုက္ခသစ္စာပါဘုရား)။

ဩော်. . . ဒါဖြင့် ဒုက္ခသစ္စာရှိလျက်နဲ့ ဒုက္ခသစ္စာမသိတာနဲ့ ဒုက္ခသစ္စာ ပြန်ရတယ်. . . (မှန်လှပါဘုရား)၊ သဘောကျပလား. . . (ကျပါပြီဘုရား)။

နဂိုက သူ့ခန္ဓာကြီးဟာ. . . (ဒုက္ခသစ္စာပါဘုရား)၊ အဲဒါ ဒုက္ခသစ္စာ မသိလို့ ခင်ပြန်ရောဗျ. . . (မှန်ပါ့ဘုရား)၊ မသိလို့မခင်ဘူးလား. . . (ခင်ပါတယ်ဘုရား)။

ခင်ပြန်တော့ သေသည်၏အခြားမဲ့၌ဘာပြန်ရပါလိမ့်. . . (ခန္ဓာငါးပါး ပြန်ရပါတယ်ဘုရား)။

ဩော်. . . ဒါဖြင့် ဒီခန္ဓာကြီးကလည်း ဒုက္ခသစ္စာ ဇာတိ ဇရာ၊မရဏ. . . (မှန်ပါ့ဘုရား)။

## လူ့မိုက်ကတော့ ဒုက္ခသစ္စာပြန်ရတယ်

ရ-တာကြီးကလည်း. . . (ဇာတိ၊ဇရာ၊မရဏပါဘုရား) ဒုက္ခသစ္စာလည်း ဟုတ်၊ ဇာတိ၊ဇရာ၊ဗျာဓိ၊မရဏကော. . . (ဟုတ်ပါတယ်ဘုရား)၊ ဩော်. . . ဒါဖြင့် လူမိုက်မှာတော့ဖြင့်

ဒကာ ဒကာမတို့ဒုက္ခထဲက လာပြီးသကာလ ဒုက္ခပဲပြန်ရတယ်. . . (မှန်ပါဘုရား)၊ ဒုက္ခထဲက လာပြီးတော့. . . (ဒုက္ခပဲပြန်ရတယ်)၊ ဒုက္ခပဲ ပြန်ရတယ်ဆိုတော့ အမြတ်အစွန်းများ ထွက်သေးသလား. . . (မထွက်ပါဘုရား)။

ဒါဖြင့်. . . ဒကာ ဒကာမတို့ ယခုလို ကြုံကြိုက်တဲ့အချိန် သာသနာတော်ကြီးကလည်း ဝင်းဝါပြီးသကာလ နေတဲ့အချိန် သာသနာတော်ကြီးကလည်း အမျိုးမျိုးအဖုံဖုံ ကိုယ်ထမ်းနိုင်တဲ့ဘက်က ရွက်ဆောင်ပြီး အားပေးနေတဲ့အချိန်မှာ၊ ဒကာ ဒကာမတွေက ကိုယ့်ဟာကိုယ် နည်းနာတွေခံပြီးသကာလ လုပ်မနေကြတော့ ဘူးဆိုရင်ဖြင့် အဝိဇ္ဇာ တဏှာပဲ ပြန်လာမှာပဲ. . . (မှန်ပါဘုရား)။

## လူမိုက်ဟာ လူမိုက်လမ်းပဲသွားတယ်

ဒါဖြင့် လူမိုက်ဟာ လူမိုက်လမ်းပဲ သွားပြန်တယ်ဆိုလို့ ရှိရင် မလွဲဘူးပေါ့ဗျာ. . . (မလွဲပါ)၊ ဒါကြောင့် ဘုန်းကြီးတို့ ဒကာဒကာမတွေ လူမိုက်နဲ့ လူလိမ္မာ ဘာထူးသတုံးဆိုတော့ ဒီနေရာမှာ ထူးပါတယ်. . . (မှန်ပါဘုရား)။

ဒီနေရာ မဂ္ဂဗြဟ္မစရိယအကျင့်ဆိုတဲ့ငါးခုပြန်သွင်းလိုက်. . . (မှန်ပါ)၊ ပြန်သွင်းလိုက်တဲ့အခါကျလို့ရှိရင်ဖြင့် ဒီ အဝိဇ္ဇာ တဏှာက မချုပ်ဘူးလား. . . (ချုပ်ပါတယ်ဘုရား)။

ချုပ်တဲ့အတွက် နောက်ခန္ဓာငါးပါး ရသေးရဲ့လား. . .

(မရပါဘုရား)၊ဒါကြောင့်တဲ့ လူမိုက်နဲ့ လူလိမ္မာ ဘာထူးသတုံး ဆိုတော့ လူမိုက်မှာ ရထားတဲ့ ခန္ဓာနောက်က အဝိဇ္ဇာတကျော လိုက်တယ်. ... (မှန်ပါ့ဘုရား)။

## လူလိမ္မာထူးတာကတော့

လူလိမ္မာမှာ မဂ္ဂဗြဟ္မစရိယအကျင့်ဖြစ်တဲ့ဝိပဿနာ ဉာဏ်တွေ လိုက်လာတယ်. . . (မှန်ပါ့ဘုရား)၊ ဦးခင်မောင်. . . ဘာလိုက်လာလဲ. . . (ဝိပဿနာဉာဏ်တွေ လိုက်လာပါတယ် ဘုရား)။

ဝိပဿနာဉာဏ်တွေ လိုက်ပြီးသကာလ လာတဲ့အတွက် ဒကာ ဒကာမတို့ ခန္ဓာဆုံး မသွားဘူးလား. . . (ဆုံးသွားပါတယ် ဘုရား)၊ ခန္ဓာက ဘာသစ္စာ. . . (ဒုက္ခသစ္စာပါဘုရား)၊ဪ. . . ဒုက္ခသစ္စာကြီး ဆုံးသွားတယ် ဆိုလို့ရှိရင်ဖြင့် ဒုက္ခအေးသွားတာ၊ ဒုက္ခငြိမ်းသွားတာပါပဲဆိုတာ နိဗ္ဗာန်ပါပဲ. . . (မှန်ပါ့ဘုရား)၊ ရှင်း ကြပလား. . . (ရှင်းပါပြီဘုရား)။

ကဲ. . . ဒါဖြင့် ဒီမဂ္ဂဗြဟ္မစရိယအကျင့်ကို ကျင့်ကြပါစို့ လူလိမ္မာဖြစ်အောင်နော်. . . (မှန်ပါ့ဘုရား)၊ လူလိမ္မာဖြစ်အောင် ဘာလုပ်ကြရမယ်. . . (မဂ္ဂဗြဟ္မစရိယ အကျင့်ကို ကျင့်ကြရပါ မယ်)၊ မဂ္ဂဗြဟ္မစရိယ အကျင့်ဆိုတာက ဒကာဝတို့ ဘာလုပ်ကြရ မယ်. . . (ကျင့်ရပါမယ်ဘုရား)။

## အားထုတ်ရမည့် အလုပ်

မဂ္ဂဗြဟ္မစရိယ အကျင့်ဆိုတာ ဘာလုပ်ရမည့် အလုပ်ပါလိမ့်. . . (ကျင့်ရမည့် အလုပ်ပါဘုရား)၊ ဩော်. . . ကျင့်ကြံကြိုးကုတ်အားထုတ်ရမည့် အလုပ်ကြီးတစ်ခုပါလားဆိုတာ ပေါ်လာကြပလား. . . (ပေါ်လာပါပြီဘုရား)။

ကောင်းပြီ. . . ဒါက မဂ္ဂင်ငါးပါးပဲ ထားလိုက်ပါတော့၊ ဒီဘက်က ခန္ဓာငါးပါး. . . (မှန်ပါ့)၊ ခန္ဓာငါးပါးသည် ပဋိစ္စသမုပ္ပါဒ်က အဝိဇ္ဇာ သင်္ခါရကြောင့် ခန္ဓာငါးပါးပေါင်းလာဖြစ်လာတယ်နော်. . . (မှန်ပါဘုရား)။

အဝိဇ္ဇာ သင်္ခါရကြောင့် ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာတွေ မဖြစ်လာဘူးလား. . . (ဖြစ်လာပါတယ်ဘုရား)၊အဲ. . . ဒါကို ဒကာ ဒကာမတွေ ဩော်. . . ဝိညာဏ် နာမ်ရုပ်၊သဠာယတန၊ ဖဿ၊ ဝေဒနာက တခြား၊ ခန္ဓာငါးပါးက တခြားလို့ အောက်မေ့မနေနဲ့တော့၊ သူတို့ဟာ ခန္ဓာငါးပါးပဲ. . . (မှန်ပါ့ဘုရား)။

## တရားနာခနေတာ ခန္ဓာငါးပါး

ဒါဖြင့်. . . ခန္ဓာငါးပါးကို ဒကာ ဒကာမတွေ သိပါပြီနော်. . . (မှန်ပါ့ဘုရား)၊ အခု တရားနာနေတာ ဘယ်သူပါလိမ့်မတုံး. . . (ခန္ဓာငါးပါးပါဘုရား)။

ဪ. . . ယောက်ျားတွေလား. . . မိန်းမတွေလားလို့မေး လိုက်ရင် ဘယ့်နှယ်ဖြေကြပါ့မယ်. . . (ခန္ဓာငါးပါးလို့ဖြေပါမယ်)။

ဪ. . . ဟုတ်ပြီ ဒကာ ဒကာမတို့၊ ခန္ဓာငါးပါးဟာ ခန္ဓာငါးပါးလို့ သိပြီးသကာလနေတဲ့အတွက် ငါသူတစ်ပါး ယောက်ျာ မိန်းမတွေကတော့ မဟုတ်တော့ဘူး။ ဒိဋ္ဌိစင်တယ် နော်. . . (မှန်ပါ့ဘုရား)။

ဒီခန္ဓာငါးပါးဟာ မိုးပေါ်ကျလား ဒကာ ဒကာမတို့၊ အဝိဇ္ဇာသင်္ခါရက တည်ထောင်လိုက်တာလား. . .်(အဝိဇ္ဇာ သင်္ခါရက တည်ထောင်လိုက်တာပါဘုရား)။

## အဝိဇ္ဇာသင်္ခါရက တည်ထောင်တာ

ဒါဖြင့် အဝိဇ္ဇာသင်္ခါရက တည်ထောင်လိုက်လို့ ခန္ဓာငါးပါး ဖြစ်ပါတယ်ဆိုတာ သိလိုက်တဲ့အခါကျတော့ မိုးပေါ်ကျလည်း မဟုတ်ပါဘူး၊ ဘယ်သူမှ ဖန်ဆင်းတာလည်းမဟုတ်ပါဘူးဆိုတဲ့ ဝိစိကိစ္ဆာတွေကော စင်မသွားဘူးလား. . . (စင်သွားပါတယ် ဘုရား)။

ဒါဖြင့် ဝိစိကိစ္ဆာစင်ပြီး ခန္ဓာငါးပါးဖြစ်လာတာကို သိနေပြီ ဆိုတော့ ဒိဋ္ဌိကစင်တယ်၊ အလိုလိုဖြစ်တာ ဖန်ဆင်းလို့ဖြစ်တာ ဟုတ်သေးရဲ့လား. . . (မဟုတ်ပါဘုရား)။

## ဝိစိကိစ္ဆာစင်သွားပြီ

အဲဒါ သိလိုက်ကတည်းက ဝိစိကိစ္ဆာ ဘယ့်နှယ်နေသလဲ. . . (စင်ပါတယ်ဘုရား)၊ အဲ. . . ဝိစိကိစ္ဆာစင်ပြီးသကာလသွားတော့ ဩော်. . . ဝိစိကိစ္ဆာ အခု ဉာတပရိညာအားဖြင့် စင်သွားပြီး သိမှုနဲ့ ပယ်လိုက်တာ စင်သွားပြီဆိုတာ မှတ်လိုက်တာပေါ့. . . (မှန်ပါ့ဘုရား)။

တစ်ခါကြည့်လိုက်ပါဦးတဲ့၊ ဒီအဝိဇ္ဇာ သင်္ခါရက ယောကျ်ားတွေ လုပ်လိုက်တာလား၊ မိန်းမတွေများ တည်ထောင်လိုက်သလားလို့ မေးတော့ ဘာတွေများတွေ့ရသလဲ. . . (ခန္ဓာငါးပါးပဲတွေ့ရပါတယ်ဘုရား)။

ခန္ဓာငါးပါးပဲ တွေ့ရတယ်ဆိုတော့ ဩော်. . . ဒီတရားတစ်ပွဲလုံးမှာ ဘာတွေများ ပေါ်နေပါလိမ့်. . . (ခန္ဓာငါးပါးပဲပေါ်ပါတယ်ဘုရား)။

## ခန္ဓာငါးပါးသည် ရုပ်နာမ်

ခန္ဓာငါးပါးပေါ်နေတယ်၊ ဩော်. . . ဒါဖြင့် ဒီခန္ဓာငါးပါးကို ဒကာ ဒကာမတွေ ချုံးလိုက်ကြ၊ ချုံးလိုက်ကြဦးစို့ ဆိုတော့ ခန္ဓာငါးပါးဆိုတာ နာမက္ခန္ဓာက ၄-ပါး၊ ရူပက္ခန္ဓာက ၁-ပါးထားလိုက်တော့ ရုပ်နာမ်ဖြစ်သွားတယ်. . . (မှန်ပါ့ဘုရား)။ ဘယ်လိုများဖြစ်သွားသလဲ. . . (ရုပ်နာမ်ဖြစ်သွားပါတယ်ဘုရား)၊ ရုပ်နာမ်ပဲ

ဖြစ်သွားတယ်ဆိုတာ ခန္ဓာငါးပါးချုံးလိုက်၊ ကျဉ်းလိုက်တဲ့အခါ ဘာများ ဖြစ်သွားပါလိမ့်. . . (ရုပ်နာမ်ပဲဖြစ်သွားပါတယ်ဘုရား)။

## ရုပ်နာမ်သည် အနိစ္စ

ရုပ်နာမ်ပဲဖြစ်သွားတယ်ဆိုတာ သေချာပလား. . . (သေချာပါပြီ)၊ အဲဒီရုပ်နာမ်ကိုမှ တစ်ခါ ဒကာ ဒကာမတို့သည်ကား လို့ ဆိုလို့ရှိရင်ဖြင့် ကျဉ်းလိုက်ကြဦးစို့၊ ချုံးလိုက်ကြဦးစို့ ဆိုလို့ရှိရင်ဖြင့် သဗ္ဗေသင်္ခါရာ အနိစ္စာ ဩော်. . . အနိစ္စတစ်လုံးကျန်တော့တယ်. . . (မှန်ပါ့ဘုရား)။

ဘာကျန်တော့လဲ. . . (အနိစ္စတစ်လုံးကျန်ပါတော့တယ်)၊ ဩော်. . . ချုံးလိုက်တော့ အနိစ္စတစ်လုံးကျန်တော့ ဒကာ ဒကာမတို့ အနိစ္စဆိုတာ 'ဟုတွာ အဘာဝတ္ထေန အနိစ္စ'လို့ ပြောတဲ့အတွက် အဋ္ဌကထာဆရာများ ရေးသားထားတဲ့အတွက် မှန်လည်းမှန်တဲ့အတွက် ဖြစ်ပြီး မရှိတာကလေးပေါ့ဗျာ. . . (မှန်ပါ့ဘုရား)။

## အနိစ္စသည် ဖြစ်ပျက်

ဒါဖြင့် ဖြစ်ပြီးမရှိတာဆိုတော့ ဖြစ်ပျက်ပေါ့ဗျာ. . . (မှန်ပါ့ဘုရား)၊ ဒါဖြင့် ခန္ဓာငါးပါး ချုံးလိုက်တော့ ရုပ်နာမ်၊ နာမ်ရုပ် ချုံးလိုက်တဲ့အခါကျတော့ ဘာကလေးတစ်ခုတည်း လာတွေ

လဲ. . . (အနိစ္စတစ်ခုတည်း လာတွေ့ပါတယ် ဘုရား)၊ အနိစ္စဆိုတော့ မြန်မာလိုဖြစ်ပျက်နော်. . . (မှန်ပါ့)၊ ပါဠိလို အနိစ္စ၊ ဒါပဲလာတွေ့တာပဲ. . . (မှန်ပါ့ဘုရား)၊ သဘောကျပလား. . . (ကျပါပြီဘုရား)။

## သတိပဋ္ဌာန်လေးပါး

အဲဒီတော့ ဒကာ ဒကာမတွေ ရုပ်နာမ်တွေကိုတဲ့ သတိပဋ္ဌာန်လေးပါးနဲ့ ဝေဖန်လိုက်တဲ့အခါကျလို့ရှိရင်ဖြင့် ရုပ်ကကာယာနုပဿနာ၊ ဝေဒနာက ဝေဒနာနုပဿနာ၊ စိတ်ကစိတ္တာနုပဿနာ၊ သညာ-သင်္ခါရနှစ်ခုက ဓမ္မာနုပဿနာတွေ ဖြစ်နေတော့ သတိပဋ္ဌာန်လေးပါးထဲ အကုန်မဝင်လားဗျာ. . . (ဝင်ပါတယ်ဘုရား)။

အဲ. . . သတိပဋ္ဌာန် လေးပါးထဲ အကုန်ဝင်ပြီး သကာလသွားတော့ ဘုန်းကြီးက ဒကာ ဒကာမတွေ ဉာဏ်ထက်ထက်နဲ့ တဏှာများတဲ့ ပုဂ္ဂိုလ်တွေ ဒီထဲမှာ ပါဦးမှာကိုးဗျ. . . (မှန်ပါဘုရား)၊ မပါဘူးလား. . . (ပါ,ပါတယ်ဘုရား)။

## ဉာဏ်ထက်ထက်နဲ့ တဏှာများရင်

အဲဒီကဲ့သို့ ဉာဏ်ထက်ထက်နဲ့ တဏှာများတဲ့ ပုဂ္ဂိုလ်များကျတော့ သုတ်မဟာဝါအဋ္ဌကထာနှင့်သမ္မောအဋ္ဌကထာဆရာကလည်းပဲ ဉာဏ်ထက်ထက်နဲ့ တဏှာများရင်

ဝေဒနာနုပဿနာ ပေးလိုက်ပါကွာတဲ့. . . (မှန်ပါဘုရား)။

ဘာပေးရမတဲ့. . . (ဝေဒနာနုပဿနာ ပေးရပါမယ်ဘုရား)၊ ဒါဖြင့် သတိပဋ္ဌာန် လေးပါးထဲက သုံးပါးဖြုတ်ပြီး ဝေဒနာတစ်လုံး ထားကြစို့နော်. . . (မှန်ပါဘုရား)၊ သဘောကျပလား. . . (ကျပါပြီဘုရား)။

## ဝေဒနာပဲ ရှုကြပါစို့

ဝေဒနာတစ်လုံးတည်းပဲ ဒကာ ဒကာမတွေ ရှုကြပါစို့၊ ယနေ့တရားမှာဖြင့်နော်. . . (မှန်လှပါဘုရား)၊ စုံအောင်တော့ ဟောမှာပဲ၊ ဟောပေမယ်လို့ ယနေ့ဝေဒနာလှည့်ပြီး ဝေဒနာပဲ ပြောကြပါစို့လို့ ဆိုတော့ ဒကာ ဒကာမတို့ ခန္ဓာကိုယ်ထဲမှာ ဝေဒနာဟာ နာမည်တူတော့ဖြင့် ဝေဒနာပါပဲတဲ့၊ ခွဲလိုက်တဲ့အခါ သုခဝေဒနာ၊ ဒုက္ခဝေဒနာ၊ ဉပေက္ခာဝေဒနာလို့ ဝေဒနာက ဘယ်နှမျိုးရှိပါလိမ့်. . . (သုံးမျိုးရှိပါတယ်ဘုရား)။

## ဝေဒနာသုံးမျိုးပဲရှိတယ်

သုံးမျိုးရှိတယ်ဆိုတာ သိထားပြီနော်. . . (မှန်ပါ)၊ ဝေဒနာဟာ သုံးမျိုးပဲရှိတယ်။

(၁) သုခဝေဒနာ

(၂) ဒုက္ခဝေဒနာ

(၃) ဥပေက္ခာဝေဒနာ

ဒီသုံးမျိုးလည်း ဒကာ ဒကာမတွေက မှတ်လိုက်ပါဦး၊ ရှိတာတော့ ဟုတ်ပါရဲ့၊ သုခရှိရင် ဒုက္ခ,ဥပေက္ခာမရှိဘူး. . . (မှန်ပါဘုရား)၊ ခန္ဓာထဲမှာနော်. . . (မှန်ပါဘုရား)။

ဒုက္ခရှိရင် ကျန်တဲ့နှစ်ခု. . . (မရှိပါဘုရား)၊ ဥပေက္ခာရှိရင် ကျန်တဲ့နှစ်ခု. . . (မရှိပါဘုရား)၊ အဲဒါကျတော့လည်း ဒကာ ဒကာမတို့ ဩော်. . . ဒါဖြင့် ဝေဒနာသုံးပါးဟာ ရှိထိုက်တာသာ ပြောတာကိုး၊ ရှုရမှာကတော့ ဝေဒနာပေါ်လာတဲ့ တစ်လုံးရှုရုံပဲဆိုတဲ့ အဓိပ္ပာယ်ကော ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

## ဝေဒနာတစ်လုံးပဲ ရှု

ဒါဖြင့် ဝေဒနာတစ်လုံးပဲ၊ ဝေဒနာသုံးမျိုးရှိငြားသော်လည်း ပြိုင်မပေါ်သောကြောင့် ဦးခင်မောင်ရေ တစ်လုံးတည်း ရှုရလိမ့်မယ်. . . (မှန်ပါဘုရား)။

ပြိုင်မပေါ်သောကြောင့် ဘာတဲ့. . . (တစ်လုံးတည်း ရှုရပါမယ်ဘုရား)၊ တစ်လုံးတည်းပဲ ရှုရလိမ့်မယ်ဆိုတာ သေချာပလား. . . (သေချာပါတယ်ဘုရား)။

ကောင်းပြီ၊ ဒါဖြင့် ဒီဝေဒနာတစ်လုံးတည်းပဲ ဒကာ ဒကာမတွေက ရှုကြစို့ဆိုတော့ ဒကာ ဒကာမတွေ ဝေဒနာမရှုလို့ရှိရင်လည်း ခင်ဗျားတို့ ဝေဒနာဆုတောင်း ယူကြလိမ့်မယ်. . . (မှန်ပါဘုရား)။

### သုခဝေဒနာ

နတ်ပြည် ရောက်ရပါလို၏၊ ဒကာ ဒကာမတွေက မသိတော့ နတ်ပြည်ဆိုတာ ဘာပါလိမ့်မတုံးလို့ မေးတဲ့အခါကျတော့၊ အို. . . နတ်ပြည်ဆိုတာ ချမ်းသာတယ်ဆိုလို့. . . (မှန်ပ့ါ)၊ သဘောကျပလား. . . (ကျပါပြီဘုရား)။

နတ်ပြည်ဆိုတာ ဘယ့်နှယ်ကြောင့် ကြိုက်ကြပါလိမ့်. . . (ချမ်းသာတယ်ဆိုလို့ပါဘုရား)၊ ဒါဖြင့် ဘာဝေဒနာပါလိမ့်. . . (သုခဝေဒနာပါဘုရား)။

### ဒုက္ခဝေဒနာ

သုခဝေဒနာကို ဆုတောင်းယူလိုက်တယ်. . . (မှန်ပ့ါ)၊ သဘောကျပလား. . . (ကျပါပြီ)၊ အင်း. . . ဟင်. . . တစ်ခါ ငရဲပြည်ကျတော့ ကြောက်တယ်တဲ့၊ ဘာဖြစ်လို့ကြောက်သတုံးမေးတော့ ဒုက္ခဝေဒနာရှိလို့. . . (မှန်ပ့ါဘုရား)၊ ငရဲပြည်ကျတော့ ဒုက္ခဝေဒနာချည်းပဲ. . . (မှန်ပ့ါဘုရား)၊ ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

### ဥပေက္ခာဝေဒနာ

အင်း. . . ဟင်. . . ပဥ္စမဈာန် ဗြဟ္မာတွေကျပြန်တော့လည်း ဥပေက္ခာဝေဒနာတွေက ရှိနေတယ်. . . (မှန်ပ့ါဘုရား)။

အဲဒီ တချို့ဖြဟ္မာကြိုက်တာကလည်း ဥပေက္ခာဝေဒနာ ကြိုက်တော့ ဒကာ ဒကာမတွေ ဝေဒနာကိုကြိုက်တဲ့ ဝေဒနာ လည်းရှိတယ်၊ မကြိုက်တဲ့ဝေဒနာကော. . . (ရှိပါတယ်ဘုရား)။

သို့သော် ဒါ- ခင်ဗျားတို့ ကြားသာနေတယ် ဘယ်ဝေဒနာမှ မကောင်းဘူးလို့မှတ်. . . (မှန်ပါ့ဘုရား)၊ ဝေဒနာသည် ကြိုက်တဲ့ဝေဒနာ၊ မကြိုက်တဲ့ဝေဒနာလို့ ဒကာ ဒကာမတွေက ဘယ်လို ပင်ပြောငြားသော်လည်း ဝေဒနာသည်ကားလို့ ဆိုလို့ရှိရင် ဘုန်းကြီးတို့ ဒကာ ဒကာမတွေမှတ်ကြပေတော့ ဝေဒနာဟာ သူသတ် ယောက်ျားကြီးလို့ မှတ်လိုက်. . . (မှန်လှပါဘုရား)၊ ဝေဒနာဘယ်လိုမှတ်ကြမယ်. . . (သူသတ်ယောက်ျားကြီးပါဘုရား)။

ဒါ့ကြောင့် ရာရေဟန်းကမေးလိုက်တယ်. . . 'မာရော မာရောတိ ဘန္တေ ဝုစ္စတိ၊ ကိတ္တာဝတာ နုခေါ ဘန္တေ မာရောတိ ဝုစ္စတိ' လို့မေးတော့ 'ဝေဒနာ မာရာ' တဲ့. . . (မှန်ပါ့ဘုရား)။

## ဘယ်ဝေဒနာမဆို လူသတ်ယောက်ျား

ဘန္တေ-အရှင်ဘုရား၊ မာရော မာရောတိ- သူသတ် ယောက်ျား သူသတ်ယောက်ျားဟူ၍၊ ဝုစ္စတိ-ဆိုအပ်၏၊ ကိတ္တာဝတာနုခေါ ဘန္တေ မာရောတိ ဝုစ္စတိ- အဘယ်တရားကို သူ သတ်ယောက်ျားလို့ ဆိုပါသလဲလို့ မေးတဲ့အခါကျတော့ ဝေဒနာ မာရော- ဘယ်ဝေဒနာမဆို သူသတ်ယောက်ျားချည်းပဲကွ. . .

(မှန်ပါ)၊ ရှင်းကြပလား. . . (ရှင်းပါပြီဘုရား)။

ဒုက္ခဝေဒနာကလည်း ဒကာ ဒကာမတွေ သတ်တာ ပဲ. . . (မှန်ပါဘုရား)၊ သုခဝေဒနာကလည်း အပျော်ကြူးလို့ သေ သွားတာကော ရှိပါရဲ့လား. . . (ရှိပါတယ်ဘုရား)။

ဒါဖြင့် ဘယ်သူက သတ်လိုက်ပါလိမ့်. . . (သုခဝေဒနာက သတ်ပါတယ်ဘုရား)၊ ပြဿနာတွေကျတော့ သူတို့ပဥ္စမများနဲ့ ပျော်မွေ့ပြီး ပဥ္စမများနဲ့ပဲ သေလိုက်တဲ့ဥစ္စာကျတော့ ဘယ် ဝေဒနာသတ်လိုက်ပါလိမ့်. . . (ဥပေက္ခာဝေဒနာပါဘုရား)၊ ဥပေက္ခာဝေဒနာသတ်လိုက်တော့ အားလုံးဒကာ ဒကာမတွေ ဝေဒနာကို သေမင်းချည်း မှတ်လိုက်စမ်းပါ. . . (မှန်ပါဘုရား)၊ ဦးဇင်းရင်တို့ ဘာမှတ်ကြမယ်. . . (ဝေဒနာကို သေမင်းမှတ်ရပါ မယ်ဘုရား)။

ဒါဖြင့် ဒကာ ဒကာမတို့ ဒီဝေဒနာကို ဘုရားသခင်ကိုယ် တော်မြတ်ကြီးက ဝေဒနာမာရောတိ လို့ ဟောတော်မူတယ်၊ ဝေဒနာ-ဝေဒနာကို၊ မာရောတိ- သူသတ်ယောက်ျားဟူ၍၊ ဝေဒနာဟာ သူသတ်ယောက်ျားတဲ့၊ မာရော၀ အဿ ဘဝေယျ၊ မာရော၀- သတ်တတ်သည်သာလျှင်၊ အဿ ဘဝေယျ- ဖြစ်ရာ၏။

ဩော်. . . ဝေဒနာဟာ ဒကာ ဒကာမတွေ သတ်နေတာ ပဲတဲ့. . . ရှင်းပလား. . . (ရှင်ပါပြီဘုရား)။

## မသာပို့ဖူးကြရဲ့လား

ဒါကြောင့် တစ်နေ့က စပ်မိလို့ပြောတယ်၊ ဒကာ ဒကာမတို့ မသာပို့ရတဲ့လူများဟာ မသာပို့ဖူးကြရဲ့လားဆိုတော့ ဒီပွဲထဲ မပို့ဖူးတဲ့ လူကရှားပါတယ်. . . (မှန်ပါဘုရား)။

မပို့ဖူးတဲ့သူက မရှားလားဗျာ. . . (ရှားပါတယ်ဘုရား)၊ ရှားကြပါတယ်. . . တဲ့၊ ရှားတဲ့အခါကျတော့ ခင်ဗျားတို့လမ်းမှာ နောက်က တိုးတိုးနဲ့ ကျုပ်တို့ကတော့ အိမ်ချင်းကလည်း ဝေးတယ်၊ အရပ်ကလည်း ဝေးတယ်၊ ဘာဝေဒနာတုံး. . . အခုသေတာ. . . (မှန်ပါဘုရား)၊ ဟော. . . ဝေဒနာပဲ မေးကြတယ်၊ မမေးကြဘူးလား. . . (မေးပါတယ်ဘုရား)၊ ဒါဖြင့် ဒကာ ဒကာမတို့ ရွာတိုင်း သုသာန်ရောက်တယ်၊ ဆင်ဖြူကန်ရောက်တယ်၊ သင်္ချိုင်းတော်ရောက်တယ်၊ ဘယ်သူ့လက်ချက်တွေပါလိမ့်. . . (ဝေဒနာလက်ချက်တွေပါဘုရား)၊ဝေဒနာလက်ချက်တွေနော်. . . (မှန်ပါ)။

## ဝေဒနာကသတ်တယ်

ဒကာ ဒကာမတွေ. . . တဲ့၊ အိမ်ပေါ်မှာ မွေ့ယာပေါ်မှာ ခြင်ထောင်ချပြီးသကာလ အနွေးထည်တွေခြုံ ဆေးကောင်းဝါးကောင်းတွေ ဘေးက ခြံရံပြားသော်လည်းဝေဒနာရှိနေတဲ့အတွက် ဝေဒနာကပဲ သတ်လိုက်ပါတယ်. . . (မှန်ပါဘုရား)၊

ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

ကောင်းပြီ. . . လူ့ပြည်မှာတော့ သေခါနီး ဒုက္ခဝေဒနာက သတ်တာနော်. . . (မှန်ပါ့)၊ မသေခင်ကျတော့လည်း မသေသေအောင် တိုက်တွန်းတာကလည်း သုခဝေဒနာက တယ် စားချင်တယ်၊ မတည့်တာမှ တယ်မစားချင်ဘူးလား. . . (စားချင်ပါတယ်ဘုရား)။

စားချင်တာက သုခဝေဒနာ မနေဘူးလား. . . (နေပါတယ်ဘုရား)၊ အဲ. . . သုခဝေဒနာနဲ့ စားလိုက်တော့ မတည့်တဲ့ ဒုက္ခဝေဒနာက မသတ်လိုက်ဘူးလား. . . (သတ်ပါတယ်ဘုရား)။

အင်း. . . ဟင်. . . ကျုပ်က မြင်ယောင်တော့ မနေနိုင်ဘူး ဆိုတော့ ဥပေက္ခာဝေဒနာက ပြပေးတဲ့ အဓိပ္ပာယ်မရောက်ဘူးလား. . . (ရောက်ပါတယ်ဘုရား)။

ဒါဖြင့် ဥပေက္ခာဝေဒနာက ပြ-သမား၊ သုခဝေဒနာက မျှိုသမား၊ ဒုက္ခဝေဒနာက သတ်သမား. . . (မှန်ပါ့ဘုရား)၊ ရှင်းကြရဲ့လား. . . (ရှင်းပါတယ်ဘုရား)။

## စိတ်ချလက်ချ မနေကြနဲ့

ဥပေက္ခာဝေဒနာက . . . (ပြသမားပါဘုရား)၊ သုခဝေဒနာက. . . (မျှိုသမားပါဘုရား)၊ သုခဝေဒနာက မျှိုသမားပေါ့ဗျာ၊ စားသမား မျှိုသမားပေါ့. . . (မှန်ပါ့)၊ ဒုက္ခဝေဒနာကော. . . (သတ်သမားပါဘုရား)။

အင်း. . . ဒါဖြင့် ဒကာ ဒကာမတွေ ခင်ဗျားတို့ သန္တာန်မှာ ဒီဝေဒနာ သုံးပါးရှိပါရဲ့လား. . . (ရှိပါတယ်ဘုရား)၊ စိတ်ချလက် ချမနေကြနဲ့ သေမင်းပါနေတယ်. . . (မှန်ပါ့ဘုရား)။

ဘယ့်နှယ်ဆိုး ါလိမ့်. . . (သေမင်းပါနေပါတယ်ဘုရား)၊ ဘယ်နှယောက်ပါလိမ့်. . . (သုံးယောက်ပါဘုရား)၊ ဝေဒနာ သုံး ပါးဟာ သေမင်းချည်းမဟုတ်လား. . . (မှန်ပါ့)။

## ဝေဒနာကို သေမင်းလို့ရှု

ဒါကြောင့် ဘုရားက ဝေဒနာ မာရောတိ ပဿ၊ ဝေဒနာ= ဝေဒနာကို၊ မာရောတိ= သေမင်းဟူ၍၊ ပဿ=ရှုကွ. . . ရာဓ. . . ဟု၊ ဒါ့ကြောင့် ဝေဒနာကို အရှုခိုင်းတာကိုး၊ ရိပ်မိပလား. . . (ရိပ်မိ ပါပြီဘုရား)။

ဝေဒနာကို ဘယ်လိုရှုရမယ်. . . (သူသတ်ယောက်ျားလို့ ရှုရမယ်)၊ သူသတ်ယောက်ျား. . . သေမင်းလို့ ရှုပါ. . . (မှန်ပါ့ ဘုရား)။

'မာရောတိ ပဿ၊ဝဓကောတိ ပဿ' သံယုတ်ပါဠိတော် များမှာ အနာလို့လည်းရှုကွတဲ့. . . (မှန်ပါ့)၊ သဘောကျကြ ပလား. . . (ကျပါပြီဘုရား)။

ဒါဖြင့် ဒကာ ဒကာမတို့ ခင်ဗျားတို့သည်ကားလို့ ဆိုလို့ရှိ ရင်ဖြင့် ပြုံးရင်းလည်း သေနိုင်တယ်. . . တဲ့. . . (မှန်ပါ့ဘုရား)။

## ပြုံးရင်းလည်းသေနိုင်တယ်

ပြုံးရင်းလည်း သေနိုင်တယ်ဆိုတာ သုခဝေဒနာ သတ်ချလိုက်တာ. . . (မှန်ပါ့ဘုရား)၊ မေ့လျော့ မေ့လျော့ပြီး သကာလ သေနိုင်တယ်ဆိုတော့ ဉပေက္ခာဝေဒနာ သတ်ချလိုက်တာပဲ. . . (မှန်ပါ့ဘုရား)။

တချို့မှာ နတ်ပြည်များ ဒေါသဖြစ်တာနဲ့ ခန္ဓာအထည်ပါ ပျောက်သွားတယ်၊ ဒေါမနဿဝေဒနာ သတ်ချလိုက်တာ. . . (မှန်ပါ့ဘုရား)။

ဒါဖြင့် ဒါသေမင်းမှတ်ကဲ့လား. . . (ဟုတ်ပါတယ်ဘုရား)၊ဒါဖြင့် ဒီထဲ ဒကာ ဒကာမတွေ အန္တရာယ်ကင်းလို့ ဘေးရှင်းမည့် ပုဂ္ဂိုလ်များ ပါကြရဲ့လား. . . (မပါ-ပါဘုရား)။

## သေမင်းသုံးယောက်က အလှည့်ကျရှိတယ်

ဘာ့ကြောင့်တုံး၊ သေမင်းသုံးယောက်က အလှည့်ကျရှိနေတယ်. . . (မှန်ပါ့ဘုရား)။

ဘယ်လို ဆုံးဖြတ်ချက်ချမလဲ. . . (သေမင်းသုံးယောက်က အလှည့်ကျ ရှိနေပါတယ်ဘုရား)။

သတိထားပါ၊ သတိထားပါ ဒကာ ဒကာမတို့ သေမင်းက ဘယ်နှယောက်ရှိနေသလဲ. . . (သုံးယောက်ရှိပါတယ်ဘုရား)။

ဩော်. . . ဒကာ ဒကာမတို့ အခုဟာ တောင်းတောင်းပန်

ပန်နဲ့ တရားပွဲလာခဲ့ကြရတယ်နော်. . . (မှန်ပ့ါဘုရား)။

သူတို့မသတ်ခင် ကျုပ်တို့တရားပွဲ လာခဲ့ကြရတယ်. . . (မှန်လှပါ)၊ သူတို့သတ်ပြီးမှဆိုရင် လာနိုင်စရာရှိရဲ့လား. . . (မလာနိုင်ပါဘုရား)။

သို့သော်. . . သူတို့ တရားပွဲ သွားဦးမယ်၊ နေရစ်ခဲ့ပါ မောင်ဝေဒနာရယ်ဆိုတော့ နေရစ်သလား၊ ပါလျက်လား. . . (ပါလျက်ပါဘုရား)။

ရော. . . ဒကာ ဒကာမတို့ သေမင်းလည်း ထားပစ်ခဲ့လို့လည်း မရပါကလား. . . (မရပါဘုရား)၊ ထားပစ်ခဲ့လို့လည်း မရဘူးဆိုတာ သေချာကြပလား. . . (သေချာပါတယ်ဘုရား)။

ဒါဖြင့် ဒကာ ဒကာမတို့ သေမင်းလွတ်တဲ့နေရာ ပြေးကြပါစို့. . . (မှန်ပ့ါဘုရား)၊ ဘယ်ပြေးကြမယ်. . . (သေမင်းလွတ်တဲ့နေရာ ပြေးကြပါမယ်ဘုရား)။

ဒါဖြင့် ဝေဒနာသုံးပါး မရှိတဲ့နေရာမှ သေမင်းလွတ်တော့မယ်. . . (မှန်ပ့ါဘုရား)၊ဘယ်နေရာမှာလွတ်ပါလိမ့်. . . (ဝေဒနာသုံးပါးမရှိတဲ့နေရာမှာပါဘုရား)။

## သေမင်းရှိလျက်နဲ့ ပျော်နေတယ်

ဒါကြောင့် အခုပျော်နေတာကို ဘုန်းကြီးတို့ ဒကာ ဒကာမတွေကို သတိပေးရတယ်၊ ဒကာ ဒကာမတို့ ခင်ဗျားတို့ ပျော်နေတာနော်၊ ဘုန်းကြီးများ ဝမ်းမသာလို့ မဟုတ်ပါဘူး၊ သေမင်း

ရှိလျက်နဲ့ ခားကုတ်ပေါ်မှာဝဲလျက်နဲ့ ပျော်နေတဲ့အပျော်ပါ. . . (မှန်ပါ့ဘုရား)၊ ရှင်းကြပလား. . . (ရှင်းပါပြီဘုရား)။

ဘယ်လို ပျော်နေတာပါလိမ့်. . . (ခားကုတ်ပေါ်ဝဲလျက် ပျော်တာပါဘုရား)၊ ခားကုတ်ပေါ် ဝဲလျက်နဲ့ ပျော်နေတဲ့ အပျော် ဆိုတာ ဒကာဝတို့ မောင်ထွန်းလှိုင်တို့ ကောင်းသေးရဲ့လား. . . (မကောင်းပါဘုရား)၊ ပေါ်ကြပလား. . . (ပေါ်ပါပြီဘုရား)။

ဒါဖြင့်. . . ဒကာ ဒကာမတို့ ဘဝများစွာ သံသရာက ဘယ် သူ့လည်ပင်း ခေါင်းစင်းပြီး အပ်ပြီးသကာလ ကျုပ်တို့နေခဲ့ကြရ တယ်ဆိုတာ ယနေ့တော့ဖြင့် ပေါလောကြီး ပေါ်ပါပြီ. . . (မှန်ပါ့ ဘုရား)။

ဝေဒနာသုံးခု၏ လက်တွင်းမှာ ခေါင်းစင်းပြီးသကာလ သေခဲ့ရတဲ့ ဘဝချည်းပဲ ဆိုရင်လည်း လွဲပါ့မလား. . . (မလွဲပါ ဘုရား)၊ ရှင်းကြပလား. . . (ရှင်းပါပြီဘုရား)။

## စိန်ရွှေရှာတာ ဝမ်းသာချင်လို့

သို့သော်. . . ဒကာ ဒကာမတွေကမသိတဲ့ အခါကျတော့ ဒီဝေဒနာတွေကိုပဲ လည်ပြီးရှာနေကြတယ်. . . (မှန်ပါ့ဘုရား)။ ဒီဝေဒနာတွေကို လည်ပြီးရှာကြတယ်. . . (မှန်ပါ)၊ ငွေရှာတယ် ဆိုတာ ဝမ်းသာချင်လို့၊ ရွှေရှာတယ်. . . ဆိုတာကော. . . (ဝမ်း သာချင်လို့ပါ ဘုရား)၊ ဝမ်းသာတာ ဘာဝေဒနာပါလိမ့်. . . (သုခ ဝေဒနာပါဘုရား)။

ဩော်. . . သေမင်းရွာကြတာပါကလား. . . (မှန်ပါ့ဘုရား)၊ ဘာရွာကြတာလဲ. . . (သေမင်းရွာကြတာပါဘုရား)၊ ဩော်. . . မသိတော့ ဒကာ ဒကာမတွေ သိပ်ခက်ပါကလား. . . (မှန်ပါ့)။

သေမင်းဟာ ရွာကောင်းတာလား ရှောင်ရမှာလား. . . (ရှောင်ရမှာပါဘုရား)၊ ရှောင်ရမှာကို ခင်ဗျားတို့က ဘယ့်နှယ်လုပ်နေကြသလဲ. . . (ရွာနေကြပါတယ်ဘုရား)။

## သေရတာ အားမရလို့လား

ဩော်. . . သေရတာ အားမရလို့လားလို့ပဲ. . . မေးဖို့သာရှိတော့တယ်. . . (မှန်ပါ့ဘုရား)၊ ဒီပြင် ဘာမှမေးစရာ မရှိတော့ဘူး. . . (မှန်ပါ့ဘုရား)၊ သဘောပါကြရဲ့လား. . . (ပါ-ပါတယ်ဘုရား)။

ကိုင်း. . . ဒကာ ဒကာမတွေ နတ်ပြည်များမှာ ခိုင္မပဒေါ- သိကနတ်တွေများ အပျော်ကျူးတာနဲ့ ခန္ဓာပါ ပျောက်သွားတယ်. . . (မှန်ပါ့ဘုရား)၊ သုခဝေဒနာသတ်ချလိုက်တယ်. . . (မှန်ပါ့ဘုရား)၊ သဘောကျပလား. . . (ကျပါပြီဘုရား)။

တချို့ ဒီလူ့ပြည်မှာလည်း ရှိပါတယ်၊ အပျော်လွန်တာနဲ့ သေပြီ၊ မရှိကြဘူးလား. . . (ရှိပါတယ်ဘုရား)၊ ဘယ်ဝေဒနာသတ်လိုက်ပါလိမ့်. . . (သုခဝေဒနာ သတ်ပါတယ်ဘုရား)။

တချို့လည်း အင်း. . . သူတို့ မူးမေ့ပြီး သေသွားတယ်

ကွာ. . . ဆိုတော့ ဥပေက္ခာဝေဒနာသတ်ချလိုက်တယ်. . . (မှန်ပါ့ဘုရား)၊ သဘောကျပလား. . . (ကျပါပြီဘုရား)။

ဒါဖြင့် ဒကာ ဒကာမတွေ ဘယ်သူ့လက်တွင်းမှာ ခေါင်းစင်းပြီးသေခဲ့ရတဲ့ ဘဝများပါလိမ့်. . . (ဝေဒနာ လက်တွင်းမှာ သေခဲ့ရတာ များပါတယ်ဘုရား)။

အခုကော ဒကာ ဒကာမတို့ ဝေဒနာ ကင်းကြရဲ့လား. . . (မကင်းပါဘုရား)၊ ဝေဒနာမကင်းဘူး၊ သုခမရှိ-ဒုက္ခရှိတယ်၊ ဒုက္ခမရှိ-ဥပေက္ခာ ရှိတယ်ဆိုတာ သေချာပလား. . . (သေချာပါတယ်ဘုရား)။

အင်း. . . ဘယ်သူနဲ့ အတူတူနေကြပါလိမ့်. . . (သေမင်းနဲ့အတူတူနေပါတယ်ဘုရား)၊ သေမင်းနဲ့အတူတူနေကြရတယ်. . . (မှန်ပါ့ဘုရား)၊ အားလုံးတရားတစ်ပွဲလုံး ဘယ်သူနဲ့အတူတူနေရသတုံး. . . (သေမင်းနဲ့အတူတူနေရပါတယ်ဘုရား)။

## သေမင်းရှိလျက်နဲ့ မသိရင်

ဒါဖြင့် ဒကာ ဒကာမတို့ ခင်ဗျားတို့ဟာကလည်း သေမင်းရှိလျက်နဲ့ သေမင်းမှန်းမသိတော့ပါဘူးဆိုလို့ရှိရင် တယ်ကြီးတဲ့ အဝိဇ္ဇာပါကလားဆိုတာပဲ ပြောဖို့ရှိတော့တာပဲ. . . (မှန်ပါ့ဘုရား)၊ သဘောပါကြလား. . . (ပါ,ပါတယ်ဘုရား) သေမင်းဘယ်နှယောက်ရှိပါလိမ့်. . . (သုံးယောက်ရှိပါတယ်ဘုရား)၊ဘယ်အချိန်များ သူလွတ်သွားပါလိမ့်မတုံး. . .

(မလွတ်ပါဘုရား)။

ဒါကြောင့် ဘုရားက 'သော ဝေဒနာ ပရိညာယ ဒိဋ္ဌေ ဓမ္မေ အနာသဝေါ' ဝေဒနာများ သေမင်းရယ်လို့ ပိုင်းပိုင်းခြားခြား နှိပ်စက်တတ်တဲ့တရားလို့ ကိစ္စဉာဏ်နဲ့များ သိမယ်ဆိုလို့ရှိရင်ကွာ. . . မျက်မှောက်၌ပင် အာသဝေါကင်းပါသတဲ့. . . (မှန်ပါ)။

## သေမင်းလို့ ပညာသိနဲ့သိရင်

သူ့ကို သေမင်းရယ်လို့များ သေသေချာချာ သိပြီးသကာလ နှိပ်စက်တတ်တဲ့တရားရယ်လို့ အမှန်များသိကြမယ်ဆိုလို့ရှိရင်ဖြင့် သညာသိနဲ့ မသိဘဲနဲ့ ပညာသိနဲ့ သိရမယ်ဆိုလို့ရှိရင်ဖြင့် ဒိဋ္ဌေ ဓမ္မေ အနာသဝေါ- ယခုဘဝတွင်ပင် အာသဝေါကင်းပါလိမ့်မယ်ကွာတဲ့. . . (မှန်ပါဘုရား)။

ကာယဿ ဘေဒါ ဓမ္မဋ္ဌော၊ ကာယဿ-ခန္ဓာကိုယ်၏၊ ဘေဒါ-သေသည်မှ နောက်ကာလ၌၊ ဓမ္မဋ္ဌော-နိဗ္ဗာန်၌တည်သည်၊ ဟောတိ-ဖြစ်၏၊ သဘောကျပလား. . . (ကျပါပြီဘုရား)။

ဝေဒနာကို ခင်ဗျားတို့ သေမင်းလို့ နှိပ်စက်တဲ့တရားလို့ အမှန်များသိမယ်ဆိုလို့ရှိရင်ဖြင့် ယခု အာသဝေါကင်းပါတယ်တဲ့. . . (မှန်ပါဘုရား)၊ သဘောကျဂလား. . . (ကျပါပြီဘုရား)။

## နိဗ္ဗာန်ရောက်သွားမယ်

ကာယသ ဘေဒါ ဓမ္မဋ္ဌော၊ ကာယဿ-ခန္ဓာကိုယ်၏၊ ဘေဒါ-ယခုဘဝသေသည်၏ အခြားမဲ့၌၊ ဓမ္မဋ္ဌော- နိဗ္ဗာန်၌တည်သည်၊ ဟောတိ-ဖြစ်၏၊ တစ်ခါတည်းနိဗ္ဗာန်ရောက်သွားမယ်. . . (မှန်ပါ့ဘုရား)။

သော ဝေဒဂူ- ထိုရဟန္တာပုဂ္ဂိုလ်သည်၊ သင်္ချံ-ပုထုဇဉ်ဟူသော အရေအတွက်သို့၊ နောပေတိ, နဥပေတိ-မရောက်ပါဘူးတဲ့. . . (မှန်ပါ့)၊ ဒါ ဝေဒနာသံယုတ် ပါဠိတော်မှာ လာပါတယ်. . . (မှန်ပါ့ဘုရား)၊ သဘောကျပလား. . . (ကျပါတယ်)။

## အာသဝေါကုန်ပါတယ်

ဝေဒနာဟာ သူ့သတ်ယောက်ျားလို့ ပိုင်ပိုင်နိုင်နိုင်သိလို့ရှိရင် မင်းတို့အာသဝေါ ကုန်ပါတယ်တဲ့. . . (မှန်ပါ့ဘုရား)၊ ဦးခင်မောင် တယ်ကောင်းပါကလား. . . (ကောင်းပါတယ်ဘုရား)၊ ဝေဒနာကို သူ့သတ်ယောက်ျားရယ်လို့ ကိစ္စဉာဏ်နဲ့ ပိုင်ပိုင်နိုင်နိုင်သိလို့ရှိရင်ဖြင့် ဘာဖြစ်သတဲ့တုံး. . . (အာသဝေါကုန်ပါတယ်ဘုရား)၊ အာသဝေါကုန်တယ်တဲ့၊ ဒီဥစ္စာ. . . မင်္ဂလေးတန်ကို တစ်ခါတည်းတန်းပြီး ရနိုင်တယ်ဆိုတဲ့ အဓိပ္ပာယ် ကျအောင် ဘုရားသခင်ကိုယ်တော်မြတ်ကြီး ဟောတော်မူတယ်နော်. . . (မှန်ပါ့)။

သော ဝေဒနာ ပရိညာယ၊
ဒိဋ္ဌေဝဓမ္မေ အနာသဝေါ၊
ကာယဿ ဘေဒါ ဓမ္မဋ္ဌော၊
သင်္ချံနောပေတိ ဝေဒဂူ။

ဆိုတော့ သူ့ကို ဒုက္ခသစ္စာ ပိုင်ပိုင်နိုင်နိုင်သိဖို့ ဒကာ ဒကာမတွေ ယနေ့ပြောရလိမ့်မယ်. . . (မှန်ပါ့ဘုရား)။

ဒီလိုသိပြီးလို့ရှိရင်လည်း ဘာမှမပူနဲ့တော့တဲ့၊ အာသဝေါ ကင်းပါလိမ့်မယ်တဲ့. . . (မှန်ပါ့ဘုရား)၊ ဟုတ်လည်း ဟုတ်ပေသားပဲ ဒကာ ဒကာမတို့၊ ရတဲ့ပါဠိနဲ့ပဲ ဘုန်းကြီးအကိုးအကား ပြလိုက်ပါမယ်ဆိုတော့ ဝေဒနာ နိရောဓာ(တဏှာနိရောဓော)။

ဟော. . . တဏှာနိရောဓောဆိုတဲ့ ကာမဘဝချုပ်သွားပြီ၊ ကာမဘဝဆိုတဲ့ လောဘလေ. . . (မှန်ပါ့)၊ ဘဝါသဝဆိုတဲ့ ဘုံဘဝ တပ်နှစ်သက်တဲ့ လောဘကော. . . (ချုပ်ပါတယ်ဘုရား)၊ ဒိဋ္ဌာသဝဆိုတဲ့ လောဘနဲ့ သဟဇာတဖြစ်နေတဲ့ ဒိဋ္ဌိကော. . . (ချုပ်ပါတယ်ဘုရား)။

## အာသဝေါတရား လေးပါးချုပ်တယ်

နောက်ပြီးတော့ ဒီဒိဋ္ဌိနဲ့ သဟဇာတဖြစ်နေတဲ့ မောဟကော. . . (ချုပ်ပါတယ်ဘုရား)၊ ဟော. . . အာသဝေါလေးပါး ပေါ့. . . ဒကာ ဒကာမတို့၊ သူတို့ချုပ်အောင် လုပ်နိုင်လို့ရှိရင် အာသဝေါတရားလေးပါးလည်း နောက်က ချုပ်ပါတယ်ဆိုတာ

သေချာပလား . . . (သေချာပါတယ်ဘုရား)။

ဒါကြောင့် . . . 'သော ဝေဒနာ ပရိညာယ၊ ဒိဋ္ဌေဝမ္မေ အနာသဝေါ' ဒိဋ္ဌဓမ္မပေါ့ကွာ၊ ဒါ အာသဝမရှိပါဘူး၊ မယုံရင် ရှုကြည့်စမ်းပါတဲ့၊ ဝေဒနာသာ တစ်ခါတည်း နောက်ဘယ်တော့မှ မလာအောင်၊ နိရောဖြစ်အောင်၊ ချုပ်အောင် ရှုကြည့်စမ်းပါဆိုတော့ ဝေဒနာနိရောဓာ . . . (တဏှာနိရောဓောပါပဲ)။

## တဏှာသုံးမျိုးချုပ်တယ်

တဏှာနိရောဓောဆိုကတည်းက တဏှာနဲ့ သဟဇာတဖြစ်တဲ့ အဝိဇ္ဇာကော . . . (ချုပ်သွားပါတယ်ဘုရား)၊ ဒီတဏှာကလည်း ကာမတဏှာ၊ ဘဝတဏှာ၊ ဝိဘဝတဏှာဆိုတဲ့ အတိုင်း ဒကာ ဒကာမတို့ တဏှာသုံးမျိုးလည်း မချုပ်ဘူးလား . . . (ချုပ်ပါတယ်ဘုရား)။

ကာမတဏှာဆိုတာ လောဘ၊ ဘဝတဏှာဆိုတာ သဿတဒိဋ္ဌိ၊ ဝိဘဝတဏှာဆိုတာ ဥစ္ဆေဒ ဒိဋ္ဌိ . . . ဒါတွေပါ ရောချုပ်တယ် . . . (မှန်ပါ့)၊ သူနဲ့သဟဇာတဖြစ်တဲ့ မသိလို့ ဒိဋ္ဌိဖြစ်နေတဲ့ အဝိဇ္ဇာလည်း ပါမသွားသေးဘူးလား . . . (ပါသွားပါတယ်ဘုရား)။

အေး . . . ဒါကြောင့် "သော ဝေဒနာ ပရိညာယ၊ ဒိဋ္ဌေဝမ္မေ အနာသဝေါ၊ ကာယဿဘေဒါ ဓမ္မဋ္ဌော" ကာယဿ၊ ခန္ဓာကိုယ်၏။ ဘေဒါ၊ ပျက်သောကာလ၌၊ ဓမ္မဋ္ဌော၊ နိဗ္ဗာန်၌တည်သည်၊ ဟောတိ၊ ဖြစ်၏။

ဒကာ ဒကာမတို့ . . . ဒါကြောင့်မို့ သူ့ကို ပိုင်ပိုင်နိုင်နိုင် ရှုစမ်းပါလို့ ပြောလိုက်တယ် . . . (မှန်ပါ့)၊ အရေးမကြီးဘူးလား . . . (ကြီးပါတယ်ဘုရား)။

## အာသဝေါကုန်ချင်ရင် ဝေဒနာကုန်အောင်လုပ်

ကိုင်း . . . ဒကာ ဒကာမတို့၊ အာသဝေါကုန်ချင်ရင် ဝေဒနာကုန်အောင်လုပ်ရလိမ့်မယ် . . . (မှန်ပါ့ဘုရား)၊ အာသဝေါကုန်ချင်ရင် . . . (ဝေဒနာကုန်အောင်လုပ်ရလိမ့်မယ်)၊ ဝေဒနာကုန်အောင်လုပ်ရလိမ့်မယ်ဆိုတာ ပေါ်ကြပလား . . . (ပေါ်ပါပြီဘုရား)။

ကိုင်း . . . ကုန်အောင်လုပ်တဲ့နည်းကို ဆရာဘုန်းကြီးက ဒကာ ဒကာမတွေအား ရှုနည်းနဲ့တကွ ပြပါတော့မယ်ဆိုတဲ့ ဥစ္စာကို ကြပ်ကြပ်ဂရုစိုက်ကြပေတော့ . . . (မှန်ပါ့ဘုရား)။

ဝေဒနာက သုံးမျိုးချုံးလိုက်တဲ့အခါ ကျလို့ရှိရင်ဖြင့် ဦးခင်မောင်ရေ ဖြစ်ပျက်ပဲ ရှိမှာပါပဲ . . . (မှန်ပါ့ဘုရား)၊ ဝေဒနာသုံးမျိုး ချုံးလိုက်တဲ့အခါကျတော့ . . . (ဖြစ်ပျက်ပဲရှိပါတယ်ဘုရား)၊ ဖြစ်ပျက်ပဲရှိတော့မယ်ဆိုတာ မသေချာဘူးလား . . . (သေချာပါတယ်ဘုရား)။

## မဂ္ဂဖြဟ္မစရိယာအကျင့်

ကိုင်း . . . ဒါဖြင့် ဒကာ ဒကာမတို့ ဝေဒနာကိုပဲ ရှုကြပါစို့ဆိုတဲ့ အဓိပ္ပါယ်ဟာပေါ်လာပြီနော် . . . (မှန်ပါ့ဘုရား)၊ ဝေဒနာနောက်က မဂ္ဂဗြဟ္မစရိယ အကျင့်လုပ်ကြစို့ . . . (မှန်ပါ့)၊ ဒကာဝ-ဘာလုပ်ရမယ် . . . (မဂ္ဂဗြဟ္မစရိယ အကျင့်လုပ်ရပါမယ်ဘုရား)။

မဂ္ဂဗြဟ္မစရိယအကျင့် လုပ်ရလိမ့်မယ်ဆိုတဲ့အခါကျလို့ ရှိရင်ဖြင့်. . . တဲ့၊ ဒကာ ဒကာမတွေ သုခဝေဒနာကလေးက ထပ်ပြောနေတယ်လို့ အောက်မေ့မနေနဲ့၊ မသိတဲ့ ပုဂ္ဂိုလ်တွေအတွက်မှာ ထပ်ပြောတာတောင် သင့်ရုံပဲရှိတယ်နော် . . . (မှန်ပါ့ဘုရား)။

မျက်လုံးမြင်တဲ့အခါ မြင်တယ်ဆိုရင် ဘာဝေဒနာပေါ်သတုံး . . . (ဥပေက္ခာဝေဒနာ ပေါ်ပါတယ်ဘုရား)၊ နောက်က ဒကာ ဒကာမတွေ သေသေချာချာမှတ်နော်၊ နောက် ရှုစရာမရှိဘဲနေမှာစိုးတယ် . . . (မှန်ပါ့)၊ မျက်လုံးကလေးဖွင့်လိုက်လို့ မြင်လိုက်ရင် . . . (ဥပေက္ခာဝေဒနာပါဘုရား)။

## ဥပေက္ခာဝေဒနာ

အဲ . . . မြင်တဲ့ သဘောကလေးဟာ ဥပေက္ခာဝေဒနာပဲ ဥပေက္ခာသဟဂုတ် စက္ခုဝိညာဏ်ပဲ . . . (မှန်ပါ့)၊ သဘောကျပလား . . . (ကျပါပြီ)၊ မြင်တယ်ဆိုလို့ရှိရင်

ဘယ်သူမှ မြင်တာမဟုတ်ဘူး၊ ဥပေက္ခာ ဝေဒနာဖြစ်တာသာ မှတ်လိုက်ပေတော့ . . . (မှန်ပါ့ဘုရား)၊ နားက ဘာကလေး ကြားကြား . . . (ဥပေက္ခာဝေဒနာပါဘုရား)။

နှာခေါင်းထဲက ပုပ်တဲ့အနံ့နံနံ၊ မွှေးတဲ့အနံ့နံနံ ဘာဖြစ်သတုံး . . . (ဥပေက္ခာဝေဒနာပါဘုရား)၊ လျှာပေါ်မှာ ချိုတာစားစား၊ ချဉ်တာစားစား၊ ဖန်တာစားစား ဘာဖြစ်သတုံး . . . (ဥပေက္ခာဝေဒနာပါဘုရား)။

## သူပေါ်တဲ့နေရာ၊ သူသေတဲ့နေရာ

ဩော် . . . ဒီနေရာတွေဟာ သူပေါ်တဲ့နေရာတွေပဲ သူပေါ်တဲ့နေရာမှာ သူသေတဲ့ နေရာလို့မှတ်လိုက်ပေါ့ . . . (မှန်ပါ့ဘုရား)၊ သူပေါ်တဲ့နေရာဟာ . . . (သူသေတဲ့နေရာပါဘုရား)။

ဩော် . . . ဒါဖြင့် ရှုစရာလေးဌာနတွေ့တယ် . . . (မှန်ပါ့ဘုရား)။

ဩော် . . . ဥပေက္ခာ ဝေဒနာရှုရမည့်နေရာက လေးဌာပါကလားလို့ မှတ်ထား . . . (မှန်ပါ့ဘုရား)၊ လေးဌာန တစ်ပြိုင်နက်ပေါ်မှာလား၊ တစ်ခုပြီးမှ တစ်ခုပေါ်မှာလား . . . (တစ်ခုပြီးမှ တစ်ခုပေါ်မှာပါဘုရား)။

ဒါဖြင့် . . . တစ်ခုတည်း ရှုရမှာဖြစ်ပြီးသကာလ နေတော့ ဒကာ ဒကာမတို့ ဝန်လေးစရာ ရှိကြရဲ့လား . . . (မရှိပါဘုရား)၊ ပေါ်ပြီနော် . . . (မှန်ပါ့ဘုရား)။

တစ်ခါ "သုခသဟဂတံ ကာယဝိညာဏံ၊ ဒုက္ခသဟဂတံကာယဝိညာဏံ" လို့ ဘုရားသခင် ကိုယ်တော်မြတ်ကြီးကလည်းဟော၊ သင်္ဂြိုဟ်ကျမ်း အရှင်အနုရုဒ္ဓါတို့ကလည်း ဘုရားဟောတော်မူတာတွေကြည့်ပြီး ရေးထားပြန်တော့ ကိုယ်ပေါ်ကျတော့ ချမ်းသာရင် ဘာဝေဒနာ . . . (သုခဝေဒနာပါဘုရား)။

## ပေါ်တဲ့နေရာဖြစ်ပျက်ရှု

အင်း . . . နာလို့ရှိရင် ကိုက်တယ်၊ ခဲတယ်ဆိုရင် . . . (ဒုက္ခဝေဒနာပါဘုရား)၊ အဲ . . . ကိုယ်ပေါ်ကျတော့ သုခ၊ ဒုက္ခ နှစ်ခုပေါ်တယ် . . . (မှန်ပါ့)၊ သုခပေါ်ရင်တဲ့ သုခကို ဒီနေရာ ပေါ်ရင် ဒီနေရာဖြစ်ပျက်ရှုပါ . . . (မှန်ပါ)၊ ဒုက္ခပေါ်ရင်ကော . . . (ဒီနေရာ ဖြစ်ပျက်ရှုရပါမယ်ဘုရား)။

ဩော် . . . ဒါဖြင့် သုခဝေဒနာလည်း ရှုတတ်ပြီ၊ ဒုက္ခဝေဒနာကော . . . (ရှုတတ်ပါပြီဘုရား)၊ ဥပေက္ခာ ဝေဒနာကလေးတွေကော . . . (ရှုတတ်ပါပြီဘုရား)။

အဲဒါက ပြင်ဘက်ညှော်သည်တွေ ရှုတတ်ပါပြီ . . . (မှန်ပါ့ဘုရား)၊ ပြင်ဘက်ညှော်သည် ခြောက်ယောက်ကို ရှုတတ်ပါပြီ . . . (မှန်ပါ)။

အတွင်းဧည့်သည်ကလေးတွေ လိုက်ကြပါဦး ဦးခင်မောင်တို့ . . . ဦးဇံရင်တို့ အတွင်းဧည့်သည် လိုက်ပါဦး နော် . . . (မှန်ပါ့ဘုရား)။

## အတွင်းခြည့်သည်

အတွင်းကျတဲ့ အခါကျတော့ ငွေကလေး ဘာကလေး တောင်းရတဲ့ အခါကျတော့ ဒကာ ဒကာမတို့ အဆင်ပြေတဲ့ အခါကျတော့ ဝမ်းထဲမှာ သောမနဿဝေဒနာပေါ်တယ် . . . (မှန်ပါ့ဘုရား)။

အဲဒီတော့ သောမနဿဝေဒနာပေါ်တာလည်း ဟဒယ ဝတ္ထုပေါ်မှာ ပေါ်တဲ့အတွက် ဒီနေရာမှာ ဉာဏ်လှည့်ပြီး သကာလဖြစ်ပျက်ရှုရလိမ့်မယ် . . . (မှန်ပါ)၊ တောင်းရမ်းလို့ မရဘူး၊ အကြောင်းက မညီညွတ်ဘူးဆိုလို့ရှုရင်ဖြင့် ဝမ်းထဲမှာ ဒေါမနဿ ဝေဒနာကော . . . (ပေါ်ပါတယ်ဘုရား)။

ဒီအခါကျတော့ ဒေါမနဿဝေဒနာကို ဘာလုပ်ရမယ် . . . (ဖြစ်ပျက်ရှုရပါမယ်)၊ အဲ . . . ဖြစ်ပြီးပျက်တဲ့တရားလို့ ရှုရလိမ့်မယ်နော် . . . (မှန်ပါ့ဘုရား)။

တစ်ခါတလေကျတော့ ကိုင်း . . . ရမရဆိုတာ ကမ္မဿကာပဲဗျ၊ ရချင်လည်းရမှာပဲ၊ မရချင်လဲနေမှာပဲ၊ ကမ္မဿကာ ပဲဆိုပြီး ထိုင်လိုက်တဲ့အခါကော မပါဘူးလား . . . (ပါပါ တယ်ဘုရား)။

အဲဒီ ကမ္မဿကာ ထိုင်လိုက်တဲ့ အခါကျတော့ ဝမ်းထဲမှာ ဥပေက္ခာဝေဒနာပေါ်တယ် . . . (မှန်ပါ့ဘုရား)၊ ရှင်းကြပလား . . . (ရှင်းပါပြီဘုရား)။

ဒါ အားလုံးအတွက် ငဲ့ပြီးတော့ ပြောနေတယ်နော် . . . (မှန်ပါ)၊ နားလည်ပြီးသား ပုဂ္ဂိုလ်တွေက ဘုန်းကြီးတို့ ထပ်လာပြန်ပြီလို့ အောက်မေ့မနေနဲ့၊ နားမလည်သေးတဲ့ ပုဂ္ဂိုလ်တွေက ဒီအထဲမှာ အတော်များတယ် . . . (မှန်ပါဘုရား)။

## ဥပေက္ခာဝေဒနာပေါ်နိုင်တဲ့နေရာ

ကဲ . . . ဒါဖြင့် ဒကာ ဒကာမတို့ . . . ဥပေက္ခာဝေဒနာပေါ်နိုင်တဲ့နေရာက မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ဝမ်းထဲ . . . (မှန်လှပါဘုရား)၊ ဘယ်နှစ်နေရာပါလိမ့် . . . (ငါးနေရာပါဘုရား)၊ ငါးနေရာနော် . . . (မှန်ပါဘုရား)။

အရှင်သာရိပုတ္တရာတို့ ဒကာ ဒကာမတို့ ချောင်းခုန်တယ်ဆိုတာ ကြားဖူးမှာပေါ့၊ မကြားဖူးဘူးလား . . . (ကြားဖူးပါတယ်ဘုရား)။

ရဟန္တာဖြစ်ပြီးသကာလ ဘာဖြစ်လို့ ချောင်းကို ခုန်သတုံး၊ ဝါသနာမစွန့်နိုင်လို့ . . . (မှန်ပါ)၊ ရိပ်မိပလား . . . (ရိပ်မိပါပြီ)။

ကောင်းပြီ . . . သုခပေါ်နိုင်တဲ့နေရာက ကိုယ်ပေါ်မှာတစ်ချက်၊ ဝမ်းထဲမှာတစ်ချက်၊ ဝမ်းထဲကျတော့ သောမနဿအဖြစ်နဲ့ပေါ်တယ်နော် . . . (မှန်ပါ)၊ ကိုယ်ပေါ်ကျတော့ သုခအဖြစ်နဲ့ ပေါ်တယ် . . . (မှန်ပါဘုရား)။

ဒုက္ခကလည်းကိုယ်ပေါ်ကျတော့ ဒုက္ခအဖြစ်နဲ့ပေါ်တယ်၊ ဝမ်းထဲကျတော့ . . . (ဒေါမနဿအဖြစ်နဲ့ ပေါ်ပါတယ်)၊ သဘောကျပလား . . . (မှန်ပါ့ဘုရား)။

အဲဒီတော့ ဒီနေရာကလေးတွေ လှည့်ရှုလိုက်တဲ့အခါ ကျတော့ ဩော် . . . သုခနဲ့ ဒုက္ခက တစ်ကိုယ်လုံးမှာ ပေါ်ချင်ရာပေါ်ပါကလား၊ ဆံဖျား၊ လက်သည်း၊ ခြေသည်းဖျား၊ အရေခြောက်ချန်ထားပြီး၊ ကျန်တဲ့နေရာတွေမှာ အကုန်ပေါ် တာပဲ . . . (မှန်ပါ့ဘုရား)၊ ဆံပင်ဖျားမှာ သူမပေါ်ဘူး၊ လက်သည်း၊ ခြေသည်းဖျားမှာ သူမပေါ်ဘူး၊ အရေခြောက် ကလေးမှာ သူမပေါ်ဘူး . . (မှန်ပါ့)၊ ကျန်တဲ့နေရာမှာ သုခပေါ် ချင်လို့ရှိရင်လည်း ပေါ်နိုင်တာချည်းပဲ၊ ဒုက္ခပေါ်ရင်ကော . . . (ပေါ်နိုင်ပါတယ်ဘုရား)။

## ဝေဒနာကို ပိုင်ပိုင်နိုင်နိုင်သိရမယ်

အေး . . . ဆံဖျား၊ လက်သည်းဖျား၊ ခြေသည်းဖျား၊ အရေခြောက်ချန်လှပ်ပြီး သကာလ ပေါ်တဲ့နေရာကလေးတွေကို ဒကာ ဒကာမတွေက သော ဝေဒနာ ပရိညာယ၊ သော = ထိုပုဂ္ဂိုလ်သည်၊ ဝေဒနာ = ပေါ်တဲ့ ဝေဒနာကို၊ ပရိညာယ = ပိုင်ပိုင်နိုင်နိုင်သိရမယ်၊ ဒီဝေဒနာကလေးတွေကို ဘာတဲ့ . . . (ပိုင်ပိုင်နိုင်နိုင်သိရပါမယ်ဘုရား)။

သုခပေါ်လည်း ပိုင်ပိုင်နိုင်နိုင်သိရမယ် . . . (မှန်ပါ့)၊ ဒုက္ခပေါ်လဲ . . . (ပိုင်ပိုင်နိုင်နိုင်သိရမယ်)၊ သောမနဿပေါ် ကော . . . (ပိုင်ပိုင်နိုင်နိုင်သိရမယ်)၊ အင်း . . . ဒေါမနဿ ပေါ်ကော . . . (ပိုင်ပိုင်နိုင်နိုင်သိရမယ်)။

အဲ . . . ပိုင်ပိုင်နိုင်နိုင် သိလိုက်လို့ရှိရင်ဖြင့် ပရိညာယ ပိုင်ပိုင်နိုင်နိုင်သိ၍ သို့မဟုတ် ပိုင်းခြား၍ သိ၍ အတူတူပဲ . . . (မှန်ပါ့)။

ကိုင်း . . . ဒါဖြင့် ဒီလိုလုပ်ကြပေတော့ ဒကာ ဒကာမ တို့ မျက်လုံးထဲမှာ ဒီကနေပြီးကြည့်လိုက်တော့ အပြင်ဘက်မှာ လည်း ဒကာ ဒကာမတွေရှိတယ်၊ နောက်မှာလည်း ဒကာ ဒကာမတွေရှိတယ်၊ ရှေ့မှာလည်း ဆရာဘုန်းကြီးရှိတယ် . . . (မှန်ပါ့ဘုရား)။

ကြည့်လိုက်တဲ့အခါကျတော့ ဖြတ်ဆိုမမြင်လား ဘုန်းကြီးကြွလာပဟေ့ ဆိုတော့ မမြင်လား . . . (မြင်ပါတယ် ဘုရား)၊ ဘာဝေဒနာပါလိမ့် . . . (ဥပေက္ခာဝေဒနာပါဘုရား)။

ရှုလိုက်ကြသေးသလား ဒကာ ဒကာမတို့ မရှုပါဘူး၊ ခွကျလိုက်တာမှ ရှုကို မရှုဘူး ခက်လိုက်တဲ့ ဖြစ်ခြင်းမှ ဩော် . . . ဘုန်းကြီးကြွလာလို့ ဝမ်းသာတာရှိတာပဲ . . . (မှန်ပါ့ ဘုရား)။

## သောမနဿဝေဒနာဖြစ်ပျက်ရှု

ဝမ်းသာတာတော့လည်း ဝမ်းသာတာက ဘာဝေဒနာတဲ့ . . . (သောမနဿဝေဒနာပါဘုရား)၊ သောမနဿဝေဒနာ . . . (မှန်ပါ့)၊ အဲဒါကော ရှုလိုက်ကဲ့လား . . . (မရှုလိုက်ပါဘုရား)၊ ခင်ဗျားတို့ဟာက တယ်ကျပ်ပါကလား၊ မရှိလို့ မရှုတာလား၊ ရှိလို့မရှုတာလား . . . (ရှိလို့မရှုတာပါဘုရား)။

ဒါဖြင့် ရှိလို့မရှုလို့ရှိရင် ဝေဒနာပစ္စယာ တဏှာ . . . (မှန်ပါ့ဘုရား)၊ ကဲ . . . ဆက်သွားပြီ . . . (မှန်ပါ့ဘုရား)၊ မဆက်ဘူးလား၊ ကဲ . . . (ဆက်ပါတယ်ဘုရား)၊ ဝေဒနာပစ္စယာ . . . (တဏှာပါဘုရား)၊ သူက ဟောထားတာက ဝေဒနာနိရောဓာမှ ဘာတုံး . . . (တဏှာနိရောဓောပါဘုရား)။

အဲဒါဝေဒနာရှုတော့မှ ဝေဒနာက နိရောဓောဖြစ်တော့မှ နောက်က ရှုတဲ့မဂ်က တဏှာနိရောဓော ဖြစ်မှာကိုး . . . (မှန်ပါ့ဘုရား)၊ မဟုတ်ဘူးလား . . . (ဟုတ်ပါတယ်ဘုရား)။

ဦးခင်မောင် အခုတော့ ဝေဒနာပေါ်လာတာကိုလည်း မရှုမိတော့ သုခဝေဒနာပစ္စယာ တဏှာ၊ ဒုက္ခဝေဒနာပစ္စယာ ဒေါသော၊ ဥပေက္ခာ ဝေဒနာပစ္စယာ မောဟော ဒီသုံးခုပဲ လှည့်လာတယ် . . . (မှန်ပါ့ဘုရား)။

ဒကာ ဒကာမတွေ ဆရာကောင်းတပည့် တယ်လည်း မပီသသေးပါဘူး . . . (မှန်ပါ့ဘုရား)၊ အရုပ်ဆိုးတုန်း ရှိသေးတယ် . . . (မှန်ပါ့ဘုရား)၊ ဒါ . . . အပြစ်တင်တယ်လို့လည်း

မအောက်မေ့ပါနဲ့ ကိုယ်ဆိုးတာပြောတာ . . . (မှန်ပါ့ဘုရား)၊ ဦးခင်မောင် . . . အပြစ်တင်တာလား၊ ကိုယ်အရုပ်ဆိုးတာလား . . . (ကိုယ်အရုပ်ဆိုးတာပါဘုရား)။

## မြင်တဲ့စိတ်ကိုဖြစ်ပျက်ရှုပါ

အဲ. . . နောက်လာလို့ရှိရင်ဖြင့် ဘာလာလာ မြင်တယ်ဆိုရင် မြင်တဲ့စိတ်ကို ဖြစ်ပျက်ရှုပါ . . . (မှန်ပါ့ဘုရား)၊ မရှုတတ်လို့ရှိရင်ဖြင့် မြင်တယ်၊ ခင်တယ်၊ စွဲလမ်းတယ်၊ အားထုတ်မယ်ဆိုတာ ပဋိစ္စသမုပ္ပါဒ် ဆက်သွားတာပဲ . . . (မှန်လှပါဘုရား)၊ မဆက်ပေဘူးလား . . . (ဆက်ပါတယ်ဘုရား)။

အဲဒီတော့ မြင်လိုက်ပြန်တော့ မြင်တယ်၊ ခင်တယ်၊ စွဲလမ်းတယ်၊ မြင်တယ်ဆိုတဲ့ဥစ္စာက မြင်ရင် ဥပေက္ခာ ဝေဒနာ . . . (မှန်ပါ့)၊ ခင်တယ်ဆိုတာက ဝေဒနာ ပစ္စယာ . . . (တဏှာပါဘုရား)၊ ဟော . . . မြင်လို့ ခင်တာကိုးဗျ . . . (မှန်ပါ့ဘုရား)။

ကျုပ်က မျက်စိ မျက်နှာမြင် ခင်တတ်တယ်ဗျ၊ ခင်ဗျားတို့ကလည်း နှုတ်တက်တယ် ဒီဥစ္စာတော့ . . . (မှန်ပါ့ဘုရား)၊ ဘာဖြစ်လို့ ဒီလောက်နှုတ်တက်နေရတာတုံးဆိုတော့ အို . . . (လောကွတ်ပါဘုရား)၊ ဒီလောကွတ်ဟာ အပါယ်ကျတယ် . . . ခင်ဗျားတို့ဟာ . . . (မှန်ပါ့ဘုရား)၊ ရိပ်မိပလား . . . (ရိပ်မိပါပြီဘုရား)။

ဦးခင်မောင် လောကွတ်ကြောင့် ဘာဖြစ်သတုံး . . . (အပါယ်ကျပါတယ်ဘုရား)၊ မြင်ရင် ကျုပ်က ခင်တတ်ပါတယ်၊ ဆွေမျိုးဉာတကာလိုပဲ ဘယ်သူတွေ့တွေ့ ဒီလိုပဲ ခင်တတ်ပါတယ်ဆိုတော့ ရောင်းကောင်းအောင်လို့ ပြောနေတာ လိမ်ပြစ်က တစ်ခါသင့်သေးတယ် . . . (မှန်ပါ့ဘုရား)၊ ရိပ်မိပလား . . . (ရိပ်မိပါပြီဘုရား)၊ မလိမ်ပါဘူး၊ ရိုးရိုးခင်ပါတယ်ဆိုတော့ လည်း တဏှာ၊ ဥပါဒါန်၊ ကံနဲ့ဇာတိ၊ ဇရာ၊ မရဏပေါ်လာတယ် . . . (မှန်ပါ့)၊ လိမ်ပြန်တဲ့အခါကျလို့ရှိရင်လဲ ဒကာ ဒကာမတို့ မုသာဝါဒကံကနေပြီး အပါယ်ပို့ ပြန်တာပဲ . . . (မှန်ပါ့)။

## ရဲရဲတင်းတင်းရှုစမ်းပါ

နို့ . . . ဘယ်ဟာကောင်းသေးတုံး . . . (ဘယ်ဟာမှ မကောင်းပါ)၊ ရှုတာပဲကောင်းတယ် . . . (မှန်ပါ့)၊ ရိပ်မိပလား . . . (ရိပ်မိပါပြီဘုရား)၊ ဘာလုပ်ကြမယ် . . . (ရှုတာက ကောင်းပါတယ်ဘုရား)၊ ရဲရဲတင်းတင်းရှုစမ်းပါ ဒကာ ဒကာမ တွေက စိတ်ပျက်ကုန်မှာစိုးလို့မျှား မရှုဘဲ နေတာလား ခင်ဗျားတို့ . . .

ကိုင်း . . . ဒါဖြင့် ဒကာ ဒကာမတို့ ကြားတယ်ဆိုရင်လည်း ဥပေက္ခာဝေဒနာကလေး ပေါ်တယ်နော် . . . (မှန်ပါ့)၊ ကြားကြားချင်း တစ်ခါတည်းဘာလုပ်ကြမယ် . . . (ဖြစ်ပျက်ရှုရပါမယ်ဘုရား)၊ နားထဲကို ဉာဏ်ထည့်ပြီး ရှုလိုက် . . . (မှန်ပါ့)။

နားထဲ ဉာဏ်ထည့်ပြီး ရှုလိုက်တော့ ဖြစ်ပျက်ဆိုတော့ ဝေဒနာ နိရောဓဆိုတော့ ရှုတဲ့ဉာဏ်က တဏှာနိရောဓော သွားဖြစ်တယ် . . . (မှန်ပါ့ဘုရား)၊ ဒီတဏှာ လာမည့်နေရာ ဉာဏ်လာတာကိုး . . . (မှန်ပါ့ဘုရား)၊ တဏှာလာမည့်နေရာ . . . (ဉာဏ်လာပါတယ်ဘုရား)။

## ဖြစ်ပျက်မြင်မှ မဂ်ပေါ်မယ်

လာတော့ ဝေဒနာဖြစ်ပျက်ကိုမြင်မှ မဂ်ကလည်းပေါ်တာကိုး . . . (မှန်ပါ့ဘုရား)၊ ဝိပဿနာမဂ်ကပေါ်တော့ ဝေဒနာနိရောဓာ . . . (တဏှာနိရောဓော)၊ တဏှာနိရောဓောဆိုတော့ တဏှာသည် မလာဘဲနဲ့ချုပ်တယ် . . . (မှန်ပါ့ဘုရား)၊ လာသေးရဲ့လား . . . (မလာပါဘုရား)၊ ဘာဖြစ်လို့မလာသတုံးဆိုတော့ ဒီရှုတဲ့ဉာဏ်ကဖြတ်ခနဲ အစားထိုးပစ်လိုက်တယ် . . . (မှန်လှပါဘုရား)၊ ရှင်းကြပလား . . . (ရှင်းပါပြီဘုရား)။

အဲ . . . ရှုတဲ့ဉာဏ်က ဖြတ်ခနဲ အစားထိုးလိုက်တဲ့ အခါကျတော့ ဒီကလည်း ဝေဒနာကလည်း နိရောဓလည်း ဖြစ်ပါရော ဉာဏ်ကလည်း နိရောဓကိုလည်း မြင်လိုက်ပါရော ဆိုတော့ တဏှာ ဒီနေရာမှာ မလာဘဲနဲ့ ချုပ်သောကြောင့် တဏှာနိရောဓော . . . (မှန်လှပါဘုရား)၊ ရိပ်မိပလား . . . (ရိပ်မိပါပြီ)၊ ဘာနိရော ဓောလဲ . . . (တဏှာနိရောဓော ပါဘုရား)။

ဒါဖြင့် ခင်ဗျားတို့ဟာ ဝေဒနာမရှိလို့ရှိရင် ဝေဒနာပစ္စယာ တဏှာချည်းဖြစ်မှာပဲ . . . (မှန်ပါ)၊ ဒုက္ခဝေဒနာပစ္စယာ ဒေါသော၊ ဥပေက္ခာဝေဒနာ ပစ္စယာ . . . (မောဟောပါဘုရား)၊ မောဟောဆိုတော့ ခင်ဗျားတို့ဥစ္စာက ဪ . . . ဒကာ ဒကာမတွေ မသိပြီဆိုမှဖြင့် အပါယ်သွားကြောင်းချည်းဖြစ်နေတယ် . . . (မှန်ပါဘုရား)၊ မဆိုနိုင်ဘူးလား . . . (ဆိုနိုင်ပါတယ်ဘုရား)။

အဲ . . . ဒါကြောင့် ခင်ဗျားတို့ ပေါ့ပေါ့တန်တန်မနေလိုက်ပါနဲ့၊ ဘုရားသခင် ကိုယ်တော်မြတ်ကြီးက မှာရှာတယ် . . . **"သတော ဘိက္ခဝေ ဘိက္ခု ဝိဟရေယျ သမ္ပဇာနော၊ အယံ ဝေါ အမှာကံ အနုသာသနီ"** သေသေ ချာချာ မှာတာပဲ။

## သတိပညာနဲ့ နေရစ်ကြစမ်းပါ

ဘိက္ခဝေ၊ ရဟန်းတို့၊ သတော၊ သတိရှိသည်ဖြစ်၍၊ သမ္ပဇာနော၊ ပညာနဲ့ ပြည့်စုံသည်ဖြစ်၍၊ ဝိဟရေယျ၊ နေရစ်ကြပါကွာ၊ သတိပညာနဲ့ နေရစ်ကြစမ်းပါကွာ . . . မင်းတို့ အကုန်အပါယ်သွားကုန်မှာစိုးလို့ မပြောဘူးလား . . . (ပြောပါတယ်)၊ ဘယ်သူက ပြောပါလိမ့် . . . (ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ပြောပါတယ်ဘုရား)။

ပိုအရွဲ့တိုက်ကြတယ် ကျုပ်တို့တတွေက သတိပညာလည်း မထားနိုင်ဘူး၊ မြင်ရင် ခင်မှာပဲ၊ မြင်ရင် မုန်းမှာပဲဆိုတော့ ခင်ဗျားတို့ဟာက ဘယ်သူ့ကို အရွဲ့တိုက်သလဲ . . . (ဘုရား သခင်ကိုယ်တော်မြတ်ကြီးကို အရွဲ့တိုက်ပါတယ်ဘုရား)။

ဘုရားက "သတော ဘိက္ခဝေ ဘိက္ခု ဝိဟရေယျ" ကိုး၊ ဘိက္ခဝေ၊ ရဟန်းတို့၊ သတော၊ သတိရှိသည်ဖြစ်၍၊ သမ္ပဇာနော၊ ပညာရှိသည်ဖြစ်၍၊ ဝိဟရေယျ၊ နေရစ်ကြပါ။ သတိထားပြီး ပညာနဲ့ရှု၍ နေရစ်ကြပါလို့ ဘုရားက မမှာဘူးလား . . . (မှာပါတယ်ဘုရား)။

ခင်ဗျားတို့က သတိကော ထားရဲ့လား . . . (မထားပါ ဘုရား)၊ ပညာနဲ့ကော ရှုရဲ့လား . . . (မရှုပါဘုရား)။

အို . . . ခင်ဗျားတို့မှာဖြင့် အသံကြားရင် မိုးကြိုးပစ် တာထက် နာသေးတယ် . . . (မှန်ပါ့)၊ အပါယ်သွားရတာကိုးဗျ၊ မိုးကြိုးပစ်တာက တစ်ခါသေတာ ဦးခင်မောင်ရ . . . (မှန်ပါ့)၊ ဒီဟာက သေလို့ ဆုံးပါ့မလား . . . (မဆုံးပါဘုရား)။

## ဖြစ်ခြင်းပျက်ခြင်း ရှုခိုင်းတာ

ကိုင်း . . . ဒါဖြင့် ဒကာ ဒကာမတို့၊ ဒါ ရယ်စရာပြော ပြီးသကာလနေတာလို့ အောက်မေ့ မနေဘဲနဲ့ တို့ကို အမျိုးမျိုး အဖုံဖုံဖြစ်ခြင်း၊ ပျက်ခြင်း ရှုခိုင်းတဲ့ အဓိပ္ပါယ်ပါကလားလို့ ဆိုတာကော သေချာကြပလား . . . (သေချာပါတယ်ဘုရား)။

အဲ . . . ဒါဖြင့် ရှုကြပါစို့တဲ့၊ ဒကာ ဒကာမတို့ နားထဲ မှာ ဆတ်ခနဲ ခေါက်လိုက်လို့ကြားရင် ကလေး ကလေးက အူဝဲ

လို့ အော်တဲ့အသံကြားကြား၊ အမယ်လေးလို့ ခေါ်တဲ့အသံကြား ကြား၊ ဟော့ . . . လို့ရင် ထူးမလား၊ ရှုလိုက်မလား . . . (ရှုလိုက် ပါမယ်ဘုရား)၊ ဟုတ်ပါ့မလား အတော်ကိုခက်နေပြီ၊ အတော် ခက်နေပြီ၊ ခင်ဗျားတို့ဟာက မဟုတ်တာချည်း နှုတ်တက်နေ တာကိုးဗျ၊ ခက်လိုက်တဲ့ဖြစ်ခြင်းက။

ဟော . . . အမေလို့ ခေါ်လိုက်လို့ရှိရင် ကြားတဲ့အသံ ကလေးရှုပြီးမှ ကြားတဲ့ဥပေက္ခာ ဝေဒနာကလေးဟာ ဖြစ်ပြီးရင် ပျက်ပါ့ပေါ့ကလား၊ ရှုပြီးမှပဲ ထူးချင်လည်း ထူးတာပေါ့၊ မဟုတ် ဘူးလား . . . (မှန်ပါ့)၊ ဒီလိုများ တစ်ခါလောက် နေဖူးကြရဲ့ လား . . . (မနေဘူးပါဘုရား)၊ တယ်လဲ လျှာသွက်ပါကလား ဒကာ ဒကာမတို့။

အင်မတန် လျှာသွက်နေတယ်၊ ဘယ့်နှယ်ကြောင့် ဒီလောက်သွက်ပါလိမ့်မတုံးဆိုတော့ အပါယ်သွားရမှာမို့၊ ဒီလိုဆိုတော့ အင်မတန် ဆိုးရွားမနေဘူးလား . . . (ဆိုးရွားပါ တယ်ဘုရား)။

အေး . . . ဒါကြောင့် ခင်ဗျားတို့ ဆိုးရွားတာက ခပ်ပြုံးပြုံးနဲ့ ဆိုးရွားတယ်နော် . . . (မှန်ပါ့)၊ လက်သီး လက်မောင်းတန်းပြီး လက်မောင်းပင့်ပြီး တန်းတာ မဟုတ်သေး ဘူး၊ အဲဒီအဆိုးမျိုး မဟုတ်သေးဘူး . . . (မှန်ပါ့)၊ ပြုံးဆိုးပဲ ရှိသေးတယ် . . . (မှန်ပါ့)။

ပြုံးဆိုးသဘောကျရဲ့လား . . . (မှန်ပါ့)၊ ပြုံးဆိုးဆိုတာ အမေလို့ခေါ်လိုက်တော့ ဩော် . . . သားကလေးက ခေါ်ရှာ

သေချာပလား. . . (သေချာပါတယ်ဘုရား)။

ဒါကြောင့်. . . 'သော ဝေဒနာ ပရိညာယ၊ ဒိဋ္ဌေဝမ္မေ အနာသဝေါ' ဒိဋ္ဌဓမ္မပေ့ါကွာ၊ ဒါ အာသဝမရှိပါဘူး၊ မယုံရင် ရှုကြည့်စမ်းပါတဲ့၊ ဝေဒနာသာ တစ်ခါတည်း နောက်ဘယ်တော့မှ မလာအောင်၊ နိရောဓဖြစ်အောင်၊ ချုပ်အောင် ရှုကြည့်စမ်းပါဆိုတော့ ဝေဒနာနိရောဓာ . . . (တဏှာနိရောဓောပါပဲ)။

## တဏှာသုံးမျိုးချုပ်တယ်

တဏှာနိရောဓောဆိုကတည်းက တဏှာနဲ့ သဟဇာတဖြစ်တဲ့ အဝိဇ္ဇာကော. . . (ချုပ်သွားပါတယ်ဘုရား)၊ ဒီတဏှာကလည်း ကာမတဏှာ၊ ဘဝတဏှာ၊ ဝိဘဝတဏှာဆိုတဲ့အတိုင်း ဒကာ ဒကာမတို့ တဏှာသုံးမျိုးလည်း မချုပ်ဘူးလား. . . (ချုပ်ပါတယ်ဘုရား)။

ကာမတဏှာဆိုတာ လောဘ၊ဘဝတဏှာဆိုတာ သဿတဒိဋ္ဌိ၊ ဝိဘဝတဏှာဆိုတာ ဥစ္ဆေဒ ဒိဋ္ဌိ. . . ဒါတွေပါ။

အေး. . . ဒါကြောင့် ခင်ဗျားတို့ ဆိုးရွားတာက ခပ်ပြုံးပြုံးနဲ့ ဆိုးရွားတယ်နော်. . . (မှန်ပါ့)၊ လက်သီးလက်မောင်းတန်းပြီး လက်မောင်းပင့်ပြီး တန်းတာမဟုတ်သေးဘူး၊ အဲဒီအဆိုးမျိုး မဟုတ်သေးဘူး. . . (မှန်ပါ့)၊ ပြုံးဆိုးပဲ ရှိသေးတယ်. . . (မှန်ပါ့)။

ပြုံးဆိုးသဘောကျရဲ့လား. . . (မှန်ပါ့)၊ ပြုံးဆိုးဆိုတာ အမေလို့ခေါ်လိုက်တော့ ဩော်. . . သားကလေးက ခေါ်ရှာ

တယ်ဆိုတော့ ပြုံးမလာပေဘူးလား. . . (လာပါတယ်ဘုရား)။

ပြုံးတာဘာတုံးဆိုတော့ ခင်တဲ့လောဘ. . . (မှန်ပါ)၊ ကဲ. . . လာတော့ ကိုယ့်အိမ်ရှေ့လိုက်တော့ ဥပါဒါန်မဖြစ်ဘူးလား. . . (ဖြစ်ပါတယ်ဘုရား)။

ဘာဖြစ်သတုံး ငါ့သားကလေးလို့ မေးလိုက်တော့ ဝစီကံသွားဖြစ်တယ်. . . (မှန်ပါ)၊ ဟော. . . တဏှာ၊ ဥပါဒါန်၊ ကံကတန်းထွက်လာတယ်. . . (မှန်ပါ)၊ မထွက်ဘူးလား. . . (ထွက်ပါတယ်ဘုရား)၊ အဲဒါ အပါယ်ကရှုန်းလို့ရပါ့မလား. . . (မရပါဘုရား)။

ရှုန်းလို့မရချင်နေပေစေ၊ ကိုယ့်သားတော့ ဒီလိုလုပ်ရမှာပဲဆိုတော့ ဒကာ ဒကာမတို့၊ သားကတော့ အမျှဝေလိမ့်မယ်၊ ကိုယ်ကတော့ အမျှမရောက်တဲ့ဆီ ရောက်သွားပြီ. . . (မှန်ပါ)၊ မရောက်ပေဘူးလား. . . (ရောက်ပါတယ်ဘုရား)။

## ကိုယ့်ကိုယ်သနားရင် ဒီအလုပ်လုပ်ပါ

အဲဒါတွေ ခင်ဗျားတို့ ဉာဏ်လှည့်ဖို့ အင်မတန်ကောင်းပါတယ်၊ ဒါကြောင့် ဘုန်းကြီးက တစ်ခါတစ်ခါ ဆုံးမတဲ့အခါ လှိုက်လှိုက်လှဲလှဲ နားထောင်ကြပါ၊ ကိုယ့်ကိုယ်သနားရင် ဒီအလုပ်လုပ်. . . (မှန်ပါ့ဘုရား)၊ သဘောကျပလား. . . (ကျပါပြီ)၊ ဘယ်လိုမှာပါလိမ့် (ကိုယ့်ကိုယ် သနားရင်ဒီအလုပ်လုပ်)၊ ကိုယ့်ကိုယ်

သနားလို့ရှိရင် ဒီအလုပ်လုပ်ပါလို့ သတိပေးလိုက်ပါတယ်. . . (မှန်ပါ့ဘုရား)။

အခုဟာက ခင်ဗျားတို့ ကိုယ့်ကိုယ်ကို သနားတဲ့အဓိပ္ပာယ်လားတဲ့၊ မသိလို့ဘဲ မသနားတဲ့အဓိပ္ပာယ်လား. . . (မသိလို့ မသနားတဲ့ အဓိပ္ပာယ်ပါဘုရား)၊ သိပြန်တော့ကော. . . (မသနားပါဘုရား)၊ သိပြန်တော့လည်း မသနားဘူး၊ သိပြန်တော့လည်း မလုပ်ဖြစ်ဘဲကိုးဗျ. . . (မှန်ပါ့ဘုရား)။

သိပြန်တော့လည်း မသနားဘူးဆိုတော့ အတော်ခက်နေပြီ ဒကာ ဒကာမတို့. . . (မှန်ပါ့)၊ ဦးခင်မောင်- အချိုချက်မရ၊ အချဉ်ချက်မရပါကလား. . . (မှန်ပါ့ဘုရား)၊ ဝါသနာဆိုတဲ့ ဥစ္စာ အတော်ခက်တယ်နော်. . . (မှန်ပါ့ဘုရား)။

ခင်ဗျားတို့ကော. . . (ဝါသနာမစွန့်နိုင်လို့ပါဘုရား)၊ ဒီ ဝါသနာက ဘာတုံးဆိုတော့ ကိုယ်သွားနေကျတဲ့နေရာကို သွားချင်တဲ့ဝါသနာ အပါယ်လေးပါးကိုပြောတာ. . . (မှန်ပါ့)၊ ရိပ်မိပလား. . . (ရိပ်မိပါပြီဘုရား)။

## အပေ အမေခေါ်ရင် မထူးပါနဲ့ဦး

အဲဒါကြောင့် အခုဟာ သေသေချာချာဝါသနာပြင်နေတာ ဦးခင်မောင်တို့. . . (မှန်လှပါ)၊ ကြားရင်ကြားတဲ့စိတ်ကလေး ဘာလုပ်ရမယ်. . . (ဖြစ်ပျက်ရှုရပါ့မယ်)၊ ဟိုဘက်မကူးပါနဲ့ဦး

ခင်ဗျားတို့ဥစ္စာ အမေခေါ်ခေါ်၊ အဖေခေါ်ခေါ်၊ အစ်မခေါ်ခေါ် မထူးပါနဲ့ဦး. . . (မှန်ပါ့)၊ ရိပ်မိပလား. . . (ရိပ်မိပါပြီ)။

ဒါဖြင့် အရွဲ့တိုက်ရမလို ကျနေပြီ၊ ဘုန်းကြီးတရားဟာ ခင်ဗျားတို့ကထင်ချင်ထင်ဦးမှာ၊ သဘောကျပလား. . . (ကျပါပြီ)။

## တဏှာဝင်လာမှာစိုးလို့

ခင်ဗျားတို့ဟာ အမေခေါ်လို့တောင်မှ မထူးနဲ့ဦး၊ ရှုပြီးမှ ထူးဆိုတော့ တပည့်တော်တို့ အ၊ အ၊ အပင်းလိုထားတဲ့ အမိပွာယ်မျိုးလားလို့ ခင်ဗျားတို့က ပြောချင်လည်း ပြောကြမယ် နော်၊ မဟုတ်ပါဘူးတဲ့၊ နို့မဟုတ်ရင် တဏှာက ဝင်လာမှာ စိုးလို့. . . (မှန်ပါ့ဘုရား)။

တဏှာဝင်လာရင် ဥပါဒါန်က နေရစ်ပါ့မလား. . . (မနေ ရစ်ပါဘုရား)၊ မနေရစ်လို့ရှိရင် ကံကကော. . . (မနေရစ်ပါ ဘုရား)။

ဒါဖြင့် 'ကမ္မဘဝ ပစ္စယာ ဇာတိ' ကျတော့လည်း ဘုရား လည်း မတတ်နိုင်ဘူး. . . (မှန်ပါ့)၊ တတ်နိုင်သေးရဲ့လား. . . (မတတ်နိုင်ပါဘုရား)။

## ဘုရားလည်း မတတ်နိုင်ဘူး

'ကမ္မ ဝိပါကော အစိန္တေယျော'ဆိုတဲ့အတိုင်း 'ကမ္မံ သတ္တေ ဝိဘဇတိ'ဆိုတဲ့အတိုင်း ဘုရားကိုက မတတ်နိုင်လို့ ဘုရား၏ ယောက္ခမ အပါယ်ကျရှာတယ်. . . (မှန်ပါ)၊ သုပ္ပဗုဒ္ဓလေ၊ ဦးခင်မောင် မကျဘူးလား. . . (ကျပါတယ်ဘုရား)။

ဘုရား၏ယောက်ဖ ဒေဝဒတ်ဟာ သူ့ကံလုပ်လာတော့ ဘုရားတားလို့ရသေးရဲ့လား. . . (မရပါဘုရား)၊ မရတော့ အပါယ်မကျဘူးလား. . . (ကျပါတယ်ဘုရား)။

အဲဒီတော့ 'ကမ္မံ ဝိပါကသော' ကျတော့ ဘုရားလည်း မတတ်နိုင်ဘူး. . . (မှန်ပါ)၊ သဘောကျပလား. . . (ကျပါပြီ)၊ အဲဒီတော့ ကံဖြစ်ကြောင်းကို ဘုန်းကြီးတို့က တားပေးတာပါ။

## ကြားတယ်ဆိုရင် ဖြစ်ပျက်ရှု

ဒါဖြင့် ကြားတယ်ဆိုရင် ဘာလုပ်ကြမလဲ. . . (ဖြစ်ပျက်ရှုရပါမယ်)၊ ကြားတဲ့စိတ်ကလေး၊ ကြားတဲ့ဝေဒနာကလေးကို. . . (ဖြစ်ပျက်ရှုရပါမယ်ဘုရား)။

ရှုပြီးမှ ခင်ဗျားတို့ ခေါ်တာကို ထူးတာပေါ့ဗျာ၊ မထူးချင်လို့ရှိရင်လည်း ကိုယ်ကခေါ်ချင်လည်း ခေါ်နေတာပေါ့. . . (မှန်ပါ)။

ရှေးဦးစွာကော ဘာလုပ်ပစ်ရမလဲ. . . (ဖြစ်ပျက်ရှုရ

ပါမယ်)၊ ကြားစိတ်ကလေးကို ဖြစ်ပျက်ရှုရမယ်. . . (မှန်ပါ့)၊ ဒါ-အိမ်ကျရင် အတော် သင်ရဦးမှာ. . . (မှန်ပါ့)။

ရဲကျောင်းမှာ ဒရိန်းပြသလို ဦးခင်မောင် အတော်ပြယူရဦးမှာ၊ ဒီဥစ္စာ လွယ်တာမဟုတ်ဘူး. . . (မှန်ပါ့)၊ သူကချည်းစောနေတယ်၊ ရိပ်မိပလား၊ အရှုက ပါမှာ မဟုတ်ဘူး. . . (မှန်ပါ့)။

အဲ့ဒါ တော်တော့ကို လုပ်ယူရဦးမယ်ဆိုတာ ဦးခင်မောင် ဒီနည်းဖြင့် လွယ်ပ့ါမလား. . . (မလွယ်ပါ)၊ မလွယ်ဘူး၊ မလွယ်ဘူးတဲ့ ဒကာ ဒကာမတို့။

## မွေးတဲ့စိတ်ကို ဖြစ်ပျက်ရှု

ကဲ. . . မွေးတယ်ဆိုလို့ရှိရင်လည်း ဒကာ ဒကာမတို့ မွေးတဲ့စိတ်ကလေး ဖြစ်ပျက်ရှုရလိမ့်မယ်. . . (မှန်ပါ့ဘုရား)၊ အို. . . မွေးလိုက်တာ ဒီအနားမှာ ကျုပ် တာရှည်နေချင်တယ်ဆိုတဲ့ တဏှာ၊ ဥပါဒါန်၊ ကံတွေမလာစေနဲ့ဦး. . . (မှန်ပါ့)၊ မွေးတဲ့စိတ်ကလေး ဘာလုပ်ရမလဲ. . . (ဖြစ်ပျက်ရှုရပါမယ်ဘုရား)။

ဒါ. . . ဥပေက္ခာဝေဒနာကို ဖြစ်ပျက်ရှုလိုက်တာပေါ့. . . (မှန်ပါ့)၊ သဘောကျပလား. . . (ကျပါပြီ)၊ ထမင်းစားတယ်၊ ဟင်းစားတယ်၊ ရေသောက်တယ်ဆိုတော့ လျှာပေါ်မှာ စိတ်ကလေး မပေါ်ဘူးလား. . . (ပေါ်ပါတယ်ဘုရား)။

## ဖြစ်ပျက်ရှုပြီး စားသောက်ကြပါ

အဲ. . . ဥပေက္ခာ ဝေဒနာကလေးပေါ့၊ ပေါ်တာကလေး ဘာလုပ်ရမလဲ. . . (ဖြစ်ပျက်ရှုရပါမယ်ဘုရား)၊ အဲ. . . ဖြစ်ပျက် ရှုပြီးသကာလ စားကြ၊ သောက်ကြလို့ရှိရင်လည်း. . . တဲ့၊ ဒကာ ဒကာမတို့ ဝေဒနာနိရောဓ. . . (တဏှာနိရောဓပါဘုရား)။

ဟော. . . တဏှာနိရောဓေမဂ္ဂေါ. . . (မှန်ပါ)၊ တစ်ခါ တည်း မဂ္ဂင်ပေါ်လာတယ်. . . (ပေါ်ပါတယ်ဘုရား)၊ တဏှာ နိရောဓေဆိုတာ ဘာပါလိမ့်. . . (မဂ္ဂေါပါဘုရား)၊ မဂ္ဂေါ ဆိုတော့ မဂ်ပေါ်လာတယ်ဆိုတယ်တဲ့. . . (မှန်ပါ့)။

ဒါဖြင့် ဝေဒနာက ဖြစ်ပျက်၊ ရှုတာက မဂ်၊ ဟော. . . မကိုက်သေးဘူးလား. . . (ကိုက်ပါတယ်ဘုရား)၊ ဝေဒနာ က. . . (ဖြစ်ပျက်ပါဘုရား)၊ ရှုတာက. . . (မဂ်ပါဘုရား)။

အဲဒီတော့ ဒကာ ဒကာမတွေ မဂ်ရ,ရပါလို၏. . . လို့ ဆု တောင်းရမှာလား. . . တဲ့၊ ရှုမှပေါ်မှာလား. . . (ရှုမှ ပေါ်မှာပါ ဘုရား)၊ အဲ. . . ရှုမှပေါ်မှာ ဖြစ်နေတော့ ခင်ဗျားတို့က လိုချင် တာက မဂ်ဖိုလ်ဟုတ်လား. . . (မှန်ပါ့)။

## ဖြစ်ပျက်မြင်မှ မဂ်ဝင်မှာ

အချောင်လိုချင်လို့တော့. . . (မရပါ)၊ မရဘူး၊ ရှုမှ ပေါ်မှာပဲ. . . (မှန်ပါဘုရား)၊ ဖြစ်ပျက်မြင်မှ မဂ်ဝင်မှာကိုးဗျ. . .

(မှန်ပါ့ဘုရား)၊ ဖြစ်ပျက်မှ မမြင်ဘူးဆိုရင်တော့. . . (မဂ်မဝင်ပါ ဘုရား)၊မဂ်မဝင်နိုင်ဘူးဆိုတာ သေချာပလား. . . (သေချာပါ တယ်ဘုရား)၊ အေး. . . ဒါတွေကိုတော့ အကျယ်တဝင့်လည်း ပြောနေဖို့ မလိုပါဘူး၊ ဒကာ ဒကာမတို့၊ နိဗ္ဗာန်ဆိုတာ ဘုရားကိုယ်တော်တိုင် ရာဟုလာကို ထမ်းမခေါ်နိုင်ဘူးဆိုတာ သဘောကျပလား. . . (ကျပါပြီ)၊ ယသော်ဓရာကိုကော ထမ်းခေါ်နိုင်ရဲ့လား. . . (မခေါ် နိုင်ပါဘုရား)။

မင်းတို့တရား မင်းတို့လုပ်ဆိုပြီး သကာလ၊မင်း ဟောဒီလို ကျင့်၊ မင်း ဟောဒီလိုကြံဆိုပြီးသကာလ ရာဟုလောဝါဒသုတ်ကို အမျိုးမျိုးဟောပြီးသကာလ ကယ်တင်ရတယ်. . . (မှန်ပါ့ဘုရား)။

## ကိုယ့်အရေးကိုယ်အားကိုးပါ

သူ့ဟာသူ လုပ်ယူရရှာတယ်. . . (မှန်ပါ့)၊ မလုပ်ရပေဘူး လား. . . (လုပ်ရပါတယ်)၊ ဒါဖြင့် ဘုရားသခင် ကိုယ်တော်မြတ် ကြီးက နည်းပေးကိုယ်တော်ကြီးပေါ့ဗျာ. . . (မှန်လှပါဘုရား)၊ ကျုပ်တို့ ခင်ဗျားတို့က လုပ်ယူရမည့် လူစားတွေ ဆိုတာကော သေချာပလား. . . (သေချာပါတယ်)၊ ဒါ့ကြောင့် ကိုယ့်အရေး ကိုယ်အားကိုးပါဆိုတာကော ကျေနပ်ကြပလား. . . (ကျေနပ်ပါ တယ်ဘုရား)။

ကောင်းပြီ. . . ဒါဖြင့် ဒကာ ဒကာမတို့ ဒီဝေဒနာသုံးခု ဟာ သေမင်း. . . (မှန်ပါ့)၊ ဘာတဲ့တုံး. . . (သေမင်းပါဘုရား)၊

သဘောကျကြရဲ့လား. . . (ကျပါတယ်ဘုရား)၊ တချို့များ ကိုယ့် ဒေါသနဲ့ကိုယ် ကြိုးဆွဲများချသေလိုက်တယ်. . . (မှန်ပါ့)၊ ကြိုးက သတ်တာလားတဲ့ ဒကာ ဒကာမတို့၊ ဝေဒနာက သတ်တာ လား. . . (ဝေဒနာက သတ်တာပါဘုရား)။

ဒေါမနဿဝေဒနာက သတ်ချလိုက်တယ်၊ စီးပွားရေးတွေ ပျက်၊ သားမယားတွေကသေ၊ အကြောင်းက မညီညွတ် တော့. . . တဲ. . . သေတာကောင်းပါတယ်ကွဆိုပြီးတော့ သေ ချလိုက်တာများ ဘယ်ဝေဒနာသတ်လိုက်တာပါလိမ့်. . . (ဒေါမနဿဝေဒနာ သတ်တာပါဘုရား)။

ဒေါမနဿဝေဒနာ သတ်ချလိုက်တယ်ဆိုတာသဘောကျ ရဲ့လား. . . (ကျပါတယ်)၊ ခုနက အပျော်ကျူးလို့ သေတာကျ တော့ဦးခင်မောင် ဘယ့်နှယ်နေပါ့မလဲ. . . (သောမနဿဝေဒနာ သတ်တာပါဘုရား)။

အမေ့ကျူးလို့သေတာကျတော့. . . (ဥပေက္ခာဝေဒနာ သတ်တာပါဘုရား)၊ ဥပေက္ခာဝေဒနာက သတ်ချလိုက်တာ. . . (မှန်ပါ့ဘုရား)၊ သဘောကျပလား. . . (ကျပါပြီ)၊ စိတ်ပျက်လို့ သေတာကတော့. . . (ဒေါမနဿဝေဒနာ သတ်တာပါဘုရား)၊ ပျော်လွန်းလို့သေတာကတော့. . . (သောမနဿဝေဒနာ သတ် တာပါဘုရား)၊ သဘောကျပြီနော်. . . (မှန်ပါ့)၊ တချို့များ မူး မေ့ပြီး သေသွားတာတွေကတော့. . . (ဥပေက္ခာဝေဒနာသတ် တာပါဘုရား)။

## စိတ်မချရတဲ့ လူချည်ပဲ

ဩော်. . . ဒါဖြင့် ဒကာ ဒကာမတို့ ခင်ဗျားတို့ အခု ဆရာဘုန်းကြီးနဲ့ တွေ့ပြီးသကာလ အခုတရားပွဲမှာ နေကြ၊ထိုင်ကြ၊ ပါရမီရေစက်ဆုံကြ ကြုံကြတယ်ဆိုတာ အင်မတန်ဝမ်းသာစရာ ကောင်းပြောသော်လည်း စိတ်မချရတဲ့ လူချည်းပဲ. . . (မှန်ပါ့ ဘုရား)။

စိတ်မချရတဲ့ လူချည်းပဲ၊ သေမင်းကိုယ်စီနဲ့ချည်းပဲ. . . (မှန်ပါ့)၊ ဘယ်လိုဆုံးဖြတ်ချက်ချကြမလဲ. . . (သေမင်းကိုယ်စီနဲ့ချည်း ပါဘုရား)။

## ဘုန်းကြီးက နိဗ္ဗာန်ကို ပို့နေတယ်

ဒကာ ဒကာမတို့ ဘုန်းကြီးကလည်း ဒကာ ဒကာမတွေ အပေါ်မှာ သယ်ယူပို့ဆောင်ဖို့ ဂတ္တာရားရှိတဲ့အတိုင်း သယ်ယူ ပို့ဆောင်ပြီးသကာလ သုဂတိနိဗ္ဗာန်ကို ပို့နေတယ်. . . (မှန်ပါ့)။

သူကလည်း သူ့အပေါ်မှာ ဓားကုတ်ပေါ် ဝဲလျက်ပါပဲ. . . (မှန်ပါ့)၊ ဒကာ ဒကာမတွေက ဒီနည်းယူလျက်နဲ့ ဓားကုတ်ပေါ် ဝဲလျက်ပဲ မကျဘူးလား. . . (ကျပါတယ်)၊ ဝေဒနာသုံးပါးတည်း ဟူသော ဓားတွေဝဲမနေဘူးလား. . . (ဝဲနေပါတယ်ဘုရား)။

အဲဒီတော့ သူတို့က မဦးခင် ဉာဏ်ကဦးအောင် လုပ်ကြ ပါ. . . (မှန်ပါ့ဘုရား)၊ သူတို့ကတော့ သတ်မှာတော့ သေချာ

တယ်. . . (မှန်ပါ့ဘုရား)၊ ဒကာ ဒကာမတို့ သူတို့ကတော့ ဘာ တုံး. . . (သတ်မှာ သေချာပါတယ်ဘုရား)။

သူတို့က သတ်မှာ သေချာတော့ကို၊ ကဲ. . . ရာဓ. . . ရေ ဝေဒနာ-ဝေဒနာသည်၊ မာရော-သတ်တာသည်၊ အသ ဘဝေယျ-ဖြစ်ရာ၏၊ သူက သတ်တယ်ကွာတဲ့။

အဲဒီတော့ မင်းတို့က ဒီလိုလုပ်ကွတဲ့၊ မင်းတို့က သူ့ကို ပြန်သတ်. . . (မှန်ပါ့)၊ ရှုတဲ့ပုဂ္ဂိုလ်က သူ့ကို ပြန်သတ်ပါတဲ့. . . (မှန်ပါ့ဘုရား)။

## အပြောကတော့ လွယ်းလောက်ပါရဲ့

ဒါဖြင့် သူက သတ်လို့ ကျုပ်တို့သေမလား၊ သူ့ကို ကျုပ် တို့က သတ်မလား. . . (သူ့ကို သတ်ရပါမယ်ဘုရား)၊ အပြောက တော့ လွယ်းလောက်ပါပေ့ဗျာ၊ အပြောကတော့ လွယ်းလောက်ပါ ရဲ့ ဒကာ ဒကာမတို့၊ ရှုမှ သေမှာနော်. . . (မှန်ပါ့)။

သို့သော် သတ်ကောင်းတယ်လို့သိတဲ့ တစ်လုံးပဲ ဘုန်းကြီး သည် အင်မတန်ဝမ်းသာပါပြီ. . . (မှန်ပါ့ဘုရား)၊ ဦးဇရင်တို့ ဘဝများစွာ သံသရာက ဘယ်သူကချည်းသတ်ခဲ့သတုံး. . . (ဝေဒနာကချည်း သတ်ခဲ့ပါတယ်ဘုရား)။

ကျုပ်တို့ကဖြင့် သတ်ခဲ့လို့ရှိရင်ဖြင့် ဒကာ ဒကာမတို့ ကျုပ် တို့က ဝေဒနာသတ်ခဲ့လို့ရှိရင် သေမင်းအောင်ပွဲယူတဲ့ မသေရာ

မှန် ပြည်နိဗ္ဗာန်ရောက်မှာပေါ့. . . (မှန်ပါ့ဘုရား)၊ သဘောကျပလား. . . (ကျပါပြီ)၊ အခုတော့ သူကချည်းသတ်နေတယ်. . . (မှန်ပါ့ဘုရား)။

ဘယ်သူကချည်း သတ်နေသလဲ. . . (ဝေဒနာကချည်း သတ်နေပါတယ်ဘုရား)၊ ကျုပ်တို့က သတ်ခဲ့တဲ့ဘဝများ ရှိပါရဲ့လား. . . (မရှိပါဘုရား)။

ဒီတစ်ခါ သတ်ရင်သတ်၊ မသတ်လို့ရှိရင်တော့ ခင်ဗျားတို့ ဘဝတိုင်း သူ့လက်တွင်း ခေါင်းစင်းသေရမယ်စိတ်ကူး. . . (မှန်ပါ့ဘုရား)၊ ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

## ဝေဒနာကို ဖြစ်ပျက်မြင်အောင်ရှု

ဒါဖြင့် ဒကာ ဒကာမတို့ သတ်ဆိုတာ တခြားမဟုတ်ပါဘူး၊ ဝေဒနာကို ဖြစ်ပျက်မြင်အောင်ရှု. . . (မှန်ပါ့ဘုရား)၊ သဘောကျပလား. . . (ကျပါပြီဘုရား)။

ဝေဒနာတွေကို ဖြစ်ပျက်မြင်အောင်ရှုပြီး မုန်းနေအောင်လည်း နိဗ္ဗိန္ဒဉာဏ် တက်အောင်ရှုချ. . . (မှန်ပါ့ဘုရား)၊ ဝေဒနာသည် ကားလို့ဆိုရင် ဖြစ်တာလည်း ဒုက္ခသစ္စာ၊ ပျက်တာလည်း ဒုက္ခသစ္စာလို့ သိအောင်ရှုပါ. . . (မှန်ပါ့ဘုရား)၊ ဝေဒနာဖြစ်တာလည်း. . . (ဒုက္ခသစ္စာပါဘုရား)၊ ပျက်တာကကော. . . (ဒုက္ခသစ္စာပါဘုရား)။

အဲဒီကဲ့သို့ သူ့ကို ပိုင်ပိုင်နိုင်နိုင်သိသွားလို့ရှိရင်ဝေဒနာ တွေ

အကုန်ချုပ်မယ်. . . (မှန်ပါ)၊ ဝေဒနာချုပ်တော့ ဦးခင်မောင် ဝေဒနာနဲ့ သဟဇာတဖြစ်တဲ့ သညာ သင်္ခါရတွေကော. . . (ချုပ် သွားပါတယ်ဘုရား)၊ ဝေဒနာနဲ့ သဟဇာတဖြစ်နေတဲ့ ရုပ်တရား တွေကော. . . (ချုပ်သွားပါတယ်ဘုရား)။

အဲဒီကျတော့ 'နာမရူပနိရောဓာ ဝိညာဏ နိရောဓော' သွားဖြစ်တယ်. . . (ဖြစ်ပါတယ်ဘုရား)၊ နာမရူပနိရောဓာ- နာမ် ရုပ်ချုပ်ခြင်းကြောင့် ဝိညာဏ်ချုပ်တယ် သဘောကျပလား. . . (မှန်ပါဘုရား)။

ကဲ. . . နာမ်ရုပ်ချုပ်လို့ ရှိရင်ဖြင့် သံယုတ်ပါဠိတော်မှာ သေ သေချာချာဟောပါတယ်၊ 'ဝိညာဏနိရောဓာ နာမရူပနိရောဓော၊ နာမရူပနိရောဓာ ဝိညာဏ နိရောဓော' ဆိုတော့ ဒကာ ဒကာမ တွေ တစ်ခုချုပ်ရင် ဘာတဲ့တုံး. . . (အကုန်ချုပ်ပါတယ်ဘုရား)။

## တစ်ခုချုပ်ရင် အကုန်ချုပ်တယ်

တစ်ခုချုပ်-အကုန်ချုပ်တာပဲလို့ မပြောဘူးလား. . . (ပြော ပါတယ်ဘုရား)၊ ဝိညာဏ်ချုပ်ရင် နာမ်ရုပ်ချုပ်ပါတယ်၊ နာမ်ရုပ်ချုပ် ရင်. . . (ဝိညာဏ်ချုပ်ပါတယ်)၊ ဝိညာဏ်ချုပ်တယ်ဆိုတော့ ခန္ဓာ ငါးပါးမစုံလား. . . (စုံပါတယ်ဘုရား)။

ဒါဖြင့် ခန္ဓာငါးပါးဟာ ဘာသစ္စာတရားလဲ. . . (ဒုက္ခ သစ္စာပါ)၊ အဲ. . . ဒုက္ခသစ္စာ ချုပ်သွားတယ်ဆိုကတည်းက ဒကာ ဒကာမတို့ ကျုပ်တို့ ဒုက္ခဝဋ်မှမကျွတ်လား. . . (ကျွတ်ပါ

တယ်ဘုရား)၊ ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

ဒါဖြင့် ဒကာ ဒကာမတို့ ဝေဒနာပေါ်ရာကို လိုက်ကြရလိမ့်မယ်. . . (မှန်ပ့ါ)၊ ဝေဒနာပေါ်ရာကို လိုက်ကြရလိမ့်မယ်ဆိုတော့ မျက်စိ၊ နား၊ နှာခေါင်း၊ လျှာမှာလည်း ဥပေက္ခာဝေဒနာ ပေါ်တိုင်း လိုက်ပါနော်. . . (မှန်ပ့ါ)။

## ဘာဝေဒနာပေါ်ပေါ် ဖြစ်ပျက်ရှုပါ

တစ်ကိုယ်လုံးမှာ သုခဝေဒနာပေါ်လည်း. . . (လိုက်ရမှာပဲဘုရား)၊ ဖြစ်ပျက်ရှုပေးပါနော်. . . (မှန်ပ့ါ)၊ ဒုက္ခဝေဒနာပေါ်တော့. . . (ဖြစ်ပျက်ရှုပေးရပါတယ်)၊ ဝမ်းထဲမှာ စည်းစိမ်ဥစ္စာရတနာလို့ သောမနဿပေါ်တော့. . . (ဖြစ်ပျက်ရှုရပါမယ်)၊ ဒေါမနဿပေါ်ရင်လည်း. . . (ဖြစ်ပျက်ရှုရပါမယ်ဘုရား)။

အေး. . . ကိုယ်နဲ့ မဆိုင်သေးတဲ့ အခါကျလို့ရှိရင် ကမ္မသကာပဲ ထားတဲ့အခါတော မပါဘူးလား. . . (ပါ-ပါတယ်ဘုရား)။

ကိုယ်နဲ့ ဆွေမျိုးကလည်းမတော် ဘာမှလည်း မတော်တဲ့ ပုဂ္ဂိုလ်ကြားရရုံတင် ကြားရတဲ့အခါကျတော့ ဦးခင်မောင်တို့က ဘာထားလိုက်သတုံး. . . (ဥပေက္ခာထားပါတယ်ဘုရား)။

ကမ္မသကာပဲကွာ. . . သေမျိုးချည်းပဲ မလာဘူးလား. . . (လာပါတယ်)၊ အင်း. . . ကိုယ်နဲ့ နည်းနည်းစပ်လာ

တဲ့အခါကျတော့ ဒီအသံထွက်ကဲ့လား. . . (မထွက်ပါဘုရား)၊ ဖြစ်မှုဖြစ်ရပလေ၊မလာဘူးလား. . . (လာပါတယ်ဘုရား)။

ဒါကြောင့် ကိုယ်နဲ့မစပ်တဲ့ ပုဂ္ဂိုလ်ကျတော့ သေမျိုးချည်းပဲကွာ၊ ဥပေက္ခာဆိုတဲ့ အဓိပ္ပာယ် မလာဘူးလား. . . (လာပါတယ်ဘုရား)။

## ဖြစ်မှုဖြစ်ရပလေကို ဖြစ်ပျက်ရှု

ဒါဖြင့် ဥပေက္ခာလာတော့ ဘာလုပ်ရမလဲ. . . (ဖြစ်ပျက်ရှုရပါမယ်)၊ ဩော်. . . ဖြစ်မှု ဖြစ်ရလေ. . . လာရင်ကော. . . (ဖြစ်ပျက်ရှုရမှာပါပဲ)၊ ဖြစ်မှုဖြစ်ရပလေဆိုတော့ ဦးခင်မောင်ရေ. . . ဒေါသ သောက မဟုတ်လား. . . (မှန်ပါ့ဘုရား)။

အဲ. . . ဒေါသ သောကဆိုတော့ ဒါဟာ ဒေါမနဿဝေဒနာပဲ မဟုတ်လား. . . (မှန်လှပါ)၊ ဘာလုပ်ရမလဲ. . . (ဖြစ်ပျက်ရှုရပါမယ်)၊ ဒါဖြင့် ဖြစ်မှုဖြစ်ရပလေလို့ လာရင်လည်း ဘာလုပ်ကြမယ်. . . (ဖြစ်ပျက်ရှုရပါမယ်)၊ ကမ္ဘသကာလို့ ထားတဲ့ဝေဒနာလာရင်ကော. . . (ဖြစ်ပျက်ရှုရမှာပါပဲဘုရား)။

ဩော်. . . ဒီပုဂ္ဂိုလ် ကျုပ်ဖြင့် မျက်လုံးထဲကတောင်မပျောက်သေးဘူးလို့ ဆိုရင်ကော. . . (ဖြစ်ပျက်ရှုရမှာပါပဲ)၊ အဲဒါ ခင်လုံးကလေးတွေ သောမနဿဝေဒနာလာတာ. . . (မှန်ပါ)၊ ဒါကလေးကျတော့လည်း ဘယ့်နှယ်လုပ်ရမလဲ. . . (ဖြစ်ပျက်ရှုရ

မှာပါမယ်)။

ဒါဖြင့် အားလုံးသည် ကားလို့ဆိုရင် ဘုန်းကြီးက ဖြစ်ပျက် ရှုရမယ်လို့ ခိုင်းလို့ ရှုရမှာလား၊ သူတို့ဖြစ်ပျက်ကို ကျုပ်တို့က မြင်အောင်လိုက်ရမှာလား. . . (သူတို့ဖြစ်ပျက်ကို မြင်အောင် လိုက်ရမှာပါဘုရား)။

## အနိစ္စဉာဏ်နဲ့ မြင်အောင်ကြည့်

ဒါအရေးကြီးပါတယ်၊ အခုပြောတဲ့စကားဟာ. . . (မှန်ပါ့)၊ ဘုရားက ရှုခိုင်းလို့ရှုရတယ်၊ ဘုန်းကြီးက ရှုခိုင်းလို့ ရှုရတယ်ဆို လို့ရှိရင်ဖြင့် သညာဖြစ်နေပါတယ်. . . (မှန်ပါ့ဘုရား)။

သူတို့ဖြစ်ပျက်ကို သူတို့ဖြစ်ပျက်ပြီးသက်ာလနေတဲ့ သဘာဝ ဓမ္မအနိစ္စတရားကြီးကို ကျုပ်တို့က အနိစ္စဉာဏ်နဲ့ မှန် မှန်မြင်ဖို့ အရေးကြီးပါတယ်. . . (မှန်ပါ့ဘုရား)။

ဦးခင်မောင် ဒီစကားအရေးမကြီးဘူးလား။ (ကြီးပါတယ် ဘုရား)၊ အင်မတန် အရေးကြီးတယ်ဆိုတာ မပေါ်သေးဘူးလား . . . (ပေါ်ပါပြီဘုရား)။

## ကိုယ်ကသတ်ရင် နိဗ္ဗာန်ရောက်တယ်

ဒါဖြင့် ဒကာ ဒကာမတို့ ဝေဒနာဟာ ဒီနေ့ နှစ်လုံးတည်းပဲ၊ ဒီတရားပွဲမှာက မှတ်သွားပါတော့။ နာရီလည်း စေ့နေလို့ နော်. . . (မှန်ပါ)။ ကိုယ်က သတ်လို့ရှိရင် နိဗ္ဗာန်ရောက်မယ်. . . (မှန်ပါ့ ဘုရား)။

သူက သတ်လို့ရှိရင်ဖြင့် ခင်ဗျားတို့ သေပွဲဝင်ရလိမ့်မယ်. . . (မှန်ပါ့ဘုရား)၊ ကိုယ်က သတ်နိုင်ရင်. . . (နိဗ္ဗာန်ရောက်ပါမယ်)၊ သူက သတ်နိုင်လို့ရှိရင်. . . (သေပွဲဝင်ရလိမ့်မယ်)၊ အဲဒါကြိုက်တာယူပေတော့ ခင်ဗျားတို့. . . (မှန်ပါ့ဘုရား)။

သူက သတ်တာကြိုက်သလား၊ ကိုယ်ကသတ်ရတာကောင်းသလား. . . (ကိုယ်က သတ်ရတာကောင်းပါတယ်ဘုရား)၊ဒါဖြင့် အမြဲတမ်းဝေဒနာဖြစ်ပျက်မြင်အောင်ရှု. . . (မှန်ပါ့ဘုရား)၊ ရှုဖန်များလာရင် ဘာဖြစ်မယ်. . . (မုန်းပါတယ်ဘုရား)။

မုန်းပြီးရင် ဘာဖြစ်မယ်ထင်သတုံး. . . (ဆုံးသွားပါတယ်)၊ မုန်းပြီးရင် ဒီဝေဒနာတွေဟာ ရှုလို့ကို ရှာမတွေ့ဘူး၊ ဆုံးသွားလိမ့်မယ်. . . (မှန်ပါ့ဘုရား)၊ ဆုံးသွားလို့ရှိရင် 'ဝေဒနာနံ ခယော

ဘကျွ နိစ္စတော ပရိနိဗ္ဗုတော'. . . (မှန်ပါဘုရား)။

## တဏှာကုန်ရင် နိဗ္ဗာန်

ဝေဒနာကုန်ရင် နောက်က တဏှာပါ ကုန်တာပဲကွတဲ့. . . (မှန်ပါ)၊ တဏှာကုန်ရင် တဏှာ နိရောဓော နိဗ္ဗာန်ကွ. . . လို့ ဘာမှ မစိုးရိမ်နဲ့တဲ့. . . (မှန်ပါ)၊ သဘောကျပလား. . . (ကျပါပြီ)

ကိုင်း. . . ယနေ့ ဒီတွင်တော်ကြဦးစို့။

သာဓု . . . သာဓု . . . သာဓု